# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)


၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၁ ရက်၊ သောကြာနေ့ အတွဲ (၆၄)၊ အမှတ် (၁၄၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ယနေ့ ဖတ်စရာ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း (၇၇)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနား တက်ရောက်**

ပြည်တွင်းသတင်း စာ ၃

**ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ (၁) (သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန)**





ဆောင်းပါး စာ ၆

**ဓမ္မနှင့်အဓမ္မ ခွဲခြားသိမြင်နိုင်ပါမှ**

ဆောင်းပါး စာ ၁၀

**ပါလက်စတိုင်း လုံခြုံရေးအာဏာပိုင်အဖွဲ့ထံ ပေးအပ်သည့်ရန်ပုံငွေများ အမေရိကန်ရပ်ဆိုင်း**

နိုင်ငံတကာသတင်း စာ ၁၄



## စစ်ကိုင်းမြို့နယ်၌ ကုလားပဲဧက ၂၆၀၀၀ ကျော်စိုက်ပျိုးနိုင်ခဲ့ပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**စစ်ကိုင်း ဖေဖော်ဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် ကုလားပဲသီးနှံစိုက်ပျိုးရာသီ၌ ယခင်နှစ်က ၂၆၉၀၉ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်တွင် ၂၆၉၁၁ ဧက စိုက်ပျိုးနိုင်ခဲ့ရာ ယခင်နှစ်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဒေသနှင့်ကိုက်ညီသော အထွက်ကောင်းမျိုးများ ပြောင်းလဲသုံးစွဲနိုင်ရေး၊ စိုက်စနစ်မှန်ကန်ရေး၊ ပိုးမွှား၊ ရောဂါကြိုတင်ကာကွယ်နိုင်စေရန်အတွက် ကွင်းဝန်ထမ်းများမှတစ်ဆင့် နည်းပညာပေးလျက်ရှိပါတယ်" ဟု မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောသည်။

"ကုလားပဲသီးနှံကို စပါးအပြီး လယ်သီးထပ်အနေနဲ့လည်းစိုက်ပျိုးကြပါတယ်။ ဒီနှစ်က စိုက်ချိန်ကလည်း ရာသီအစိုဓာတ်မီသွားတော့ ကုလားပဲခင်းတွေ အလားအလာကောင်းပါတယ်။ ဖူးပန်းဝင်ချိန် အပင်ပြုစုနည်းတွေနဲ့ ပိုးမွှားရောဂါကြိုတင်ကာကွယ်နည်းတွေ၊ မျိုးစေ့မချမီ မျိုးစေ့စီရင်နည်းစနစ်တွေပါ

စာမျက်နှာ ၅ ကော်လံ ၁



## ကျောက်ဆည်မြို့နယ်၌ ဆည်ရေများ စတင်ပေးဝေလျက်ရှိသဖြင့် နွေနှမ်းသီးနှံများစိုက်ပျိုးရန် မြေယာများစတင်ထွန်ယက်

**ကျောက်ဆည် ဖေဖော်ဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ နွေနှမ်း ၅၁၃၅ ဧက လျာထားစိုက်ပျိုးလျက်ရှိကြောင်းနှင့် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ နွေသီးနှံများစိုက်ပျိုးရန် ဆည်ရေများ စတင်ပေးဝေလျက်ရှိသဖြင့် နွေနှမ်းများစိုက်ပျိုးရန် မြေယာများ စတင်ထွန်ယက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

နွေနှမ်းသီးနှံများကို ဇော်ဂျီဆည်မှ မင်းရဲစိုက်ပျိုးရေပေးမြောင်း၊ ငပြောင်စိုက်ပျိုးရေပေးမြောင်း၊ နွားတက်မြောင်း၊ တမုတ်စိုက်ပျိုးရေပေးမြောင်း၊ အထက်လင်းဇင်းစိုက်ပျိုးရေပေးမြောင်းနှင့် ကင်းတားဆည်မှ သင်းဒီးစိုက်ပျိုးရေပေးမြောင်း၊ စမာစိုက်ပျိုးရေပေးမြောင်း စသည့် ဆည်ရေသောက်စနစ် အဓိကထားစိုက်ပျိုးလျက်ရှိပြီး မြေအောက်ရေ(အဝီစိစက်ရေတွင်း) များဖြင့်ပါ လျာထားစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၅ ကော်လံ ၃

မြန်မာ့အလင်း

## သယံဇာတခိုးထုတ်မှုများ တိုက်ဖျက်ရာတွင် ပြည်သူများ တစ်တပ်တစ်အား ပူးပေါင်းပါဝင်

ပြည်တွင်းဒေသအနှံ့အပြား၌ အကြမ်းဖက်တိုက်ခိုက်မှုများ၊ လက်နက်ကိုင်ပဋိပက္ခများနှင့် မတည်မငြိမ်မှုများ ဖြစ်ပေါ်နေခြင်းကို အခွင့်ကောင်းယူ၍ နိုင်ငံပိုင်သယံဇာတများကို ဥပဒေမဲ့ခိုးထုတ်မှုများ ပိုမိုမြင့်တက်လာခဲ့သည်။ ခိုးထုတ်မှုများ၌ ကာယကံမြောက်ပါဝင်ကြသူများမှာ ဝိသမလောဘသား စီးပွားရေးသမားများသာမက တော်လှန်ရေးအမည်ခံ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များလည်း ပါဝင်နေပြီး ခေါင်းဆောင်ပိုင်းများမှာ သယံဇာတခိုးထုတ်သည့် လုပ်ငန်းဖြင့်ပင် နှစ်အနည်းငယ်အတွင်း လွန်စွာကြီးပွားချမ်းသာလာကြသည်ဟုလည်း သတင်းများပေါ်ထွက်နေသည်။

မိမိတို့နိုင်ငံသည် သဘာဝသယံဇာတ ပေါကြွယ်ဝသည့်နိုင်ငံဖြစ်သည့်အလျောက် ဒေသအလိုက် သယံဇာတအမျိုးမျိုးတို့ကို ခိုးယူနေကြခြင်းဖြစ်ရာ အချို့ဒေသတွင် သစ်တောများမှ သစ်များထုတ်ယူခြင်း၊ တောတောင်မြစ်ချောင်းများမှ တရားမဝင်ရွှေတူးဖော်ခြင်း၊ ကျောက်စိမ်းနှင့် ကျောက်မျက်များ တရားမဝင်တူးဖော်ခြင်း၊ မြေရှားနှင့် အခြားဓာတ်သတ္တုများ တူးဖော်ခြင်းတို့ကို မှောင်ခိုစီးပွားရေးသမားများနှင့် အကြမ်းဖက်လက်နက်ကိုင်များ၊ ဝေစားမျှစား စီးပွားဖက်များအဖြစ် လုပ်ကိုင်နေကြခြင်းဖြစ်သည်။ တရားမဝင် သယံဇာတခိုးထုတ်သည့် လုပ်ငန်းများမှာ စက်ယန္တရားများအသုံးပြု၍ ခိုးလမ်းများဖောက်ခြင်း၊ ရွှေ၊ ကျောက်စိမ်း၊ ကျောက်မျက်နှင့် သယံဇာတများ တူးဖော်ခြင်း၊ မော်တော်ယာဉ်ကြီးများဖြင့် သယ်ယူခြင်းစသည်ဖြင့် လုပ်ငန်းပမာဏများမှာ ကြီးမားလှသလို အလုပ်သမားများစွာတို့ကို အသုံးပြုလုပ်ကိုင်ကြရသည်။

နိုင်ငံပိုင်သယံဇာတများဆိုသည်မှာ မိမိတို့နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်အရင်းအနှီးများပင်ဖြစ်သည်။ နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်သည် နိုင်ငံတော်သာလျှင်ဖြစ်ပြီး သယံဇာတထုတ်ယူခြင်းလုပ်ငန်းသည် သက်ဆိုင်ရာဥပဒေများနှင့်အညီ ဆောင်ရွက်ကြရခြင်းဖြစ်သည်။ လက်ရှိသယံဇာတများကို ဥပဒေမဲ့ခိုးထုတ်နေကြခြင်းက ဝိသမလောဘသမားများနှင့် အကြမ်းဖက်သောင်းကျန်းသူခေါင်းဆောင်ပိုင်းတို့ မတော်မတရားကြီးပွားချမ်းသာရေးနှင့် နိုင်ငံအနှံ့ အကြမ်းဖက်တိုက်ခိုက်မှုများကို သက်ဆိုးရှည်ရေးအတွက်သာဖြစ်ပြီး အဆိုပါလုပ်ငန်းများတွင် ဒေသခံဆင်းရဲနွမ်းပါးသည့် ပြည်သူများ အကြောင်းအမျိုးမျိုးဖြင့် ပါဝင်ပတ်သက်လုပ်ကိုင်နေကြသည်ကို တွေ့ရသည်။

နိုင်ငံ၏သယံဇာတများ ဥပဒေမဲ့၊ တရားမဲ့ခိုးယူခံနေရခြင်းကို နိုင်ငံတော်အနေဖြင့် ကာကွယ်တားဆီးရမည် ဖြစ်သကဲ့သို့ အကြမ်းဖက်လက်နက်ကိုင် သောင်းကျန်းသူများ၏ ဝင်ငွေလမ်းကြောင်းဖြစ်နေခြင်းကိုလည်း မဖြစ်မနေ ဖယ်ရှားရှင်းလင်းရမည်ဖြစ်ရာ ဒေသခံပြည်သူများမှာ အဆိုပါခိုးထုတ်မှု လုပ်ငန်းများတွင် ပါဝင်ခြင်းမပြုကြရန်နှင့် အထူးသတိပြုရှောင်ရှားကြရန်လိုသည်။ အကြမ်းဖက်လက်နက်ကိုင် သောင်းကျန်းသူများနှင့် ၎င်းတို့အား ထောက်ပံ့ကူညီသည့်အလုပ်များတွင် ပါဝင်လုပ်ကိုင်ခြင်းတို့မှာ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ ပြစ်မှုမြောက်သည်ကို သိနားလည်ကြရမည်လည်းဖြစ်သည်။

သစ်၊ ရွှေ၊ ကျောက်မျက်ကျောက်စိမ်းတို့အပါအဝင် နိုင်ငံ၏ သယံဇာတအမျိုးအမည်အများအပြားတို့ကို တရားမဝင်ခိုးယူသည့်လုပ်ငန်းများမှာ ပြီးခဲ့သည့် အစိုးရအဆက်ဆက်တို့မှာ ကတည်းကပင် ဒေသအလိုက်ရှိနေခဲ့ပြီး သဘာဝပတ်ဝန်းကျင်များ ပျက်စီးပြုန်းတီးမှုကို အကြီးအကျယ်ဖြစ်ပေါ်စေခဲ့သည်။ ရေ၊ မြေ အနေအထားများ ပျက်စီးရသည့်အပြင် အဆိပ်သင့်မှု၊ ညစ်ညမ်းမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ဒေသခံပြည်သူများ၏ ဆန့်ကျင်ကန့်ကွက်မှုများစွာ ရှိခဲ့သော်လည်း ထိထိရောက်ရောက်ကာကွယ်ထိန်းသိမ်းနိုင်ခြင်း၊ အရေးယူအပြစ်ပေးနိုင်ခြင်းတို့ အားနည်းခဲ့ပြီး သယံဇာတခိုးထုတ်မှုများ ဆက်လက်ကြီးထွားလာခဲ့ရာ လက်ရှိကာလတွင်မူ အကြမ်းဖက်လက်နက်ကိုင်ပဋိပက္ခများနှင့် အတူယှဉ်တွဲနေခဲ့ပြီဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံ၏သဘာဝပတ်ဝန်းကျင်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံပိုင်သယံဇာတများ တရားမဝင်ခိုးထုတ်မှုများ ပပျောက်ရေး၊ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များ သက်ဆိုးမရှည်စေရေးတို့အတွက် တိုက်ဖျက်ချေမှုန်းရာတွင် ပြည်သူများက အဘက်ဘက်မှ ပူးပေါင်းပါဝင်ကြရပါမည့်အကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

- ☆ ဒို့တာဝန်အရေး (၃) ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏ အဓိကလုပ်ငန်းကြီး (၃) ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။
- ☆ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ကယားပြည်နယ်ပြည်သူ့ပါတီ (KySPP) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၁ / ၂၀၂၅ )
၁၃၈၆ ခုနှစ် ၊ တပို့တွဲလပြည့်ကျော် ၈ ရက်
( ၂၀၂၅ ခုနှစ် ၊ ဖေဖော်ဝါရီလ ၂၀ ရက် )

**ကယားပြည်နယ်ပြည်သူ့ပါတီ (KySPP) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ အောင်သီဟရပ်ကွက်၊ သဇင်လမ်း၊ ဧ-၁၂၇ တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ကယားပြည်နယ်ပြည်သူ့ပါတီ (KySPP)** ကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ကယားပြည်နယ်ပြည်သူ့ပါတီ (KySPP)**၏ မှတ်ပုံတင်အမှတ်မှာ ( ၅၆ ) ဖြစ်ပါသည်။

( ပုံ ) ကိုကို
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### ၂၀ - ၂ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market- Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၅၅၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

**မလိုအပ်သောမီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

### ယနေ့တိမ်အနည်းငယ် ဖြစ်ထွန်းမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ဖေဖော်ဝါရီ ၂၁ ရက်၌ အများအားဖြင့်သာယာပြီး ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**


မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | စိုးစိုးနိုင် | သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းမှူး | - | မြင့်စိုး | အကြီးတန်း | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - | ဝင်းကျော်၊ ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - | ဇော်ပိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE www.mdn.gov.mm

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင် လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း (၇၇)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားတက်ရောက်

**ဟားခါး ဖေဖော်ဝါရီ ၂၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီး ချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း သည် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်နှင့် ဒေါက်တာ ဘန္ဓေ၊ ပြည်ထောင်စုဝန်ကြီး များ၊ ဒုတိယဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ချင်းပြည် နယ် ဟားခါးမြို့သို့ ရဟတ်ယာဉ် ဖြင့် ရောက်ရှိကြပြီး ဟားခါး တပ်နယ် အားကစားကွင်း၌ ကျင်းပသည့် (၇၇) နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနား သို့ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်နှင့် ဒေါက်တာ ဘန္ဓေ၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်တို့က (၇၇)နှစ်မြောက် ချင်းအမျိုးသား နေ့ မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို စတင်ကျင်းပရာ သဘာပတိအဖွဲ့ဝင်များက သတ်မှတ်နေရာအလိုက် နေရာယူကြ ပြီး နိုင်ငံတော်အလံကို အလေးပြု ကြသည်။

ယင်းနောက် သဘာပတိ ခေါင်းဆောင်ဦးကောလ်လျန်ထန်း က နှုတ်ခွန်းဆက်စကား ပြော ကြားပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ် မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ (၇၇)နှစ်မြောက် ချင်း အမျိုးသားနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ ချင်းပြည်နယ် ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး ဒုတိယဝန်ကြီးချုပ် နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်တို့က ချင်းပြည်နယ် ဝန်ကြီးချုပ်၏ အမှုထမ်းကောင်းဆုရရှိသူများကို လည်းကောင်း၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်၊ ဒေါက်တာ ဘန္ဓေ၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဒေါက်တာ သက်ခိုင်ဝင်းတို့က စီမံခန့်ခွဲရေး ဆိုင်ရာ ထူးချွန်ဆု (ပထမဆင့်) ရရှိသူများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်း၊ ခွန်သန့်ဇော်ထူးနှင့် ချင်းပြည်နယ် ဝန်ကြီးချုပ်တို့က စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု (ဒုတိယဆင့်) ရရှိသူများကို လည်း ကောင်း ဆုများ ပေးအပ်ချီးမြှင့် ကြသည်။ **(ယာပုံ)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ချင်းပြည်နယ် အစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။

ထို့နောက် ဒုတိယဝန်ကြီး ချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့က ချင်းပြည်နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာ ဝန်ထမ်းများ အတွက် ရိက္ခာငွေကျပ် သိန်း ၅၀၀၊ ချင်းပြည်နယ်အစိုးရအဖွဲ့ အတွက် DTH စလောင်းအစုံ ၅၀ နှင့် DVB T-2 Set Box အလုံး ၁၀၀၊ ယာယီနေရပ်စွန့်ခွာမိသားစု များအတွက် ငွေကျပ် ၅၄၃၆၉၀၀၀ တန်ဖိုးရှိ စားနပ်ရိက္ခာများ၊ ငွေကျပ် ၄၅၀၀၀၀၀၀ တန်ဖိုးရှိ ပေ (၁၀၀ x ၃၀ x ၁၈) အရွယ် Green House တစ်လုံးနှင့် အားကစား ပစ္စည်းများကို ထောက်ပံ့ပေးအပ် ကြသည်။





မွန်းလွဲပိုင်းတွင် ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် ချင်းပြည် နယ် အစိုးရအဖွဲ့ အစည်းအဝေး ခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ် အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူ များ ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံရာ ချင်းပြည်နယ်ဝန်ကြီး ချုပ်က ပြည်နယ်အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် တင်ပြချက်များ အပေါ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးကာ ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စု ဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ယင်းနောက် ချင်းအမျိုးသား နေ့အထိမ်းအမှတ် ခင်းကျင်းပြသ ထားသည့် ပြခန်းများကို လှည့် လည်ကြည့်ရှုကြပြီး **(ဝဲပုံ)** ချင်း တိုင်းရင်းသား ရိုးရာအကအဖွဲ့များ က ရိုးရာအကများဖြင့် ဖျော်ဖြေ တင်ဆက်မှုကို ကြည့်ရှုအားပေး ကာ ချင်းအမျိုးသားနေ့ပွဲတော် အထိမ်းအမှတ် မီးပုံပွဲတော်ကို ချင်းတိုင်းရင်းသားရိုးရာ အကအဖွဲ့ များနှင့်အတူ ပါဝင်ဆင်နွှဲခဲ့ကြ ကြောင်း သိရသည်။ **သတင်းစဉ်**

# ဧရာဝတီ-ကျောက်ဖရား - မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (အက်ခ်မက်) အလှည့်ကျဥက္ကဋ္ဌတာဝန် အောင်မြင်စွာထမ်းဆောင်နိုင်ရေး ဝန်ကြီးဌာနများ၏ အခန်းကဏ္ဍနှင့် ပေါင်းစပ်ညှိနှိုင်းမှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ





**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ဧရာဝတီ–ကျောက်ဖရား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (အက်ခ်မက်) အလှည့်ကျဥက္ကဋ္ဌတာဝန် အောင်မြင်စွာထမ်းဆောင်နိုင်ရေး ဝန်ကြီးဌာနများ၏ အခန်းကဏ္ဍနှင့် ပေါင်းစပ်ညှိနှိုင်းမှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အလုပ်ရုံဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက မြန်မာနိုင်ငံ အနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များတွင် တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပထမအကြိမ်အက်ခ်မက် ထိပ်သီးအစည်းအဝေးကို ၂၀၀၃ ခုနှစ်တွင် ပုဂံမြို့၌ ကျင်းပခဲ့ပြီး (၆) ကြိမ်မြောက် အက်ခ်မက် ထိပ်သီးအစည်းအဝေးကို ၂၀၁၅ ခုနှစ်တွင် နေပြည်တော်၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပါကြောင်း။

### အတည်ပြုရွေးချယ်ထားပြီးဖြစ်

၂၀၂၄ ခုနှစ် နိုဝင်ဘာလက တရုတ်နိုင်ငံ ကူမင်းမြို့၌ ကျင်းပခဲ့သည့် (၁၀) ကြိမ်မြောက် အက်ခ်မက်ထိပ်သီးအစည်းအဝေးတွင် အက်ခ်မက် အလှည့်ကျ ဥက္ကဋ္ဌတာဝန်ကို လာအိုနိုင်ငံထံမှ လွှဲပြောင်းလက်ခံခဲ့ပါကြောင်း၊ လာမည့် (၁၁) ကြိမ်မြောက် အက်ခ်မက်ထိပ်သီးအစည်းအဝေးကို မြန်မာနိုင်ငံက အလှည့်ကျဥက္ကဋ္ဌအဖြစ် ဦးဆောင်ကျင်းပသွားရမည်ဖြစ်ပါကြောင်း၊ ယင်း (၁၁)ကြိမ်မြောက် အက်ခ်မက်ထိပ်သီး အစည်းအဝေးခေါင်းစဉ် (Theme) အဖြစ် “Strengthening Socio–Economic Development towards Smart and Sustainable ACMECS” (လူမှုစီးပွားဖွံ့ဖြိုးရေးကို တိုးမြှင့်ဖော်ဆောင်ကာ ခေတ်မီ၍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သော အက်ခ်မက်ဒေသ တည်ဆောက်ကြပါစို့) ကို အတည်ပြုရွေးချယ်ထားပြီးဖြစ်ပါကြောင်း။

### အလေးထားဆောင်ရွက်

မြန်မာနိုင်ငံအနေဖြင့် အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်စဉ် အကောင်းဆုံးဖြစ်အောင်လုပ်ဆောင်သွားနိုင်ရန်ရည်ရွယ်၍ ယခုအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းလူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည့် စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ သစ်တောသယံဇာတများကို အရည်အသွေးမြင့် လူသုံးကုန်ပစ္စည်းများအဖြစ် တိုးမြှင့်ထုတ်လုပ်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး စသည်တို့ကို အလေးထားဆောင်ရွက်မည့် နယ်ပယ်များအဖြစ် သတ်မှတ်ထားရှိပြီး ဦးစားပေးဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲသည် အက်ခ်မက်လုပ်ငန်းစဉ်အောက်ရှိ ဝန်ကြီးဌာနများ၏ ပူးပေါင်းဆောင်ရွက်မှုများနှင့် ပတ်သက်သည့် အတွေ့အကြုံများ၊ စိန်ခေါ်မှုများနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးနိုင်ရန် အခွင့်အရေးကောင်းတစ်ခုဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် စုံညီဆွေးနွေးပွဲအစီအစဉ်တွင် ဒုတိယဝန်ကြီး ဦးလွင်ဦးက မြန်မာနိုင်ငံမှ အက်ခ်မက်အလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သွားမည့် အစည်းအဝေးများနှင့် အစီအစဉ်များ၊ အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်များနှင့် မျှော်မှန်းရလဒ်များနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

### ပေါင်းစပ်ညှိနှိုင်းမှု ဆက်လက်မြှင့်တင်

ယင်းနောက် ဆွေးနွေးပွဲတက်ရောက်လာကြသူများက အက်ခ်မက် ပူးပေါင်းဆောင်ရွက်မှုအောက်တွင် ဆောင်ရွက်လျက်ရှိသည့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ၊ အက်ခ်မက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာဖြစ်ပေါ်တိုးတက်မှုများနှင့် မြန်မာနိုင်ငံက လက်တွေ့ဆောင်ရွက်သွားနိုင်မည့် စီမံကိန်းများနှင့် အစီအစဉ်များ၊ မြန်မာနိုင်ငံက အက်ခ်မက် အလှည့်ကျဥက္ကဋ္ဌတာဝန် ထမ်းဆောင်စဉ်ကာလအတွင်း ပူးပေါင်းဆောင်ရွက်မှုများနှင့် ပေါင်းစပ်ညှိနှိုင်းမှုများ ထိရောက်စွာ ဆောင်ရွက်သွားနိုင်ရေး၊ အက်ခ်မက် စီမံကိန်းများနှင့် အစီအစဉ်များကို ထိရောက်စွာ ရေးဆွဲအကောင်အထည်ဖော်နိုင်ရေးနှင့် အက်ခ်မက်အလှည့်ကျဥက္ကဋ္ဌတာဝန် အောင်မြင်စွာထမ်းဆောင်နိုင်ရေး ဝန်ကြီးဌာနများ၏ အခန်းကဏ္ဍနှင့် ပေါင်းစပ်ညှိနှိုင်းမှု ဆက်လက်မြှင့်တင်သွားရေးတို့ကို ဆွေးနွေးကြသည်။

ဆွေးနွေးပွဲအပြီးတွင် ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အက်ခ်မက် ပူးပေါင်းဆောင်ရွက်မှု မဏ္ဍိုင်(၃)ခုအောက်တွင်ရှိသည့် ဦးစားပေးစီမံကိန်းများနှင့် လုပ်ငန်းအစီအစဉ်များကို ပြည်တွင်းလုပ်ငန်းစဉ်များနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် တိုက်တွန်းကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲ၏ ရလဒ်များကို ဆက်လက်အကောင်အထည်ဖော်ခြင်းဖြင့် မိမိတို့နိုင်ငံနှင့် ဒေသတွင်း ရေရှည်အကျိုးစီးပွားဖြစ်ထွန်းစေမည့်အစီအစဉ်များ ချမှတ်ဖော်ဆောင်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ အက်ခ်မက်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို တာဝန်ယူထားသည့် ဝန်ကြီးဌာန ၂၀ မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ဆဋ္ဌမအကြိမ် ထမနဲထိုးပြိုင်ပွဲကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၏ ဆဋ္ဌမအကြိမ် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့်ဇနီး၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ ပျော်ရွှင်စွာ စုပေါင်းပါဝင်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ကျင်းပသည့် ထမနဲထိုးပြိုင်ပွဲသည် မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ ကျင်းပခြင်းဖြစ်ပြီး ဝန်ထမ်းများအကြား ချစ်ကြည်ရင်းနှီးမှု၊ ပျော်ရွှင်မှု၊ စုပေါင်းညီညွတ်မှု၊ တရားမျှတစွာယှဉ်ပြိုင်တတ်မှု၊ သန့်ရှင်းသပ်ရပ်မှုတို့ကို ဖော်ဆောင်သည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် အပြန်အလှန်ညီညွတ်မျှတသည့်အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် စည်းစည်းလုံးလုံး ပါဝင်ယှဉ်ပြိုင်ကြစေရုံသာမက အထူးသဖြင့် အမြဲတမ်းထိန်းသိမ်း စောင့်ရှောက်သွားရမည့်နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ဖြင့် မြန်မာ့ရိုးရာဓလေ့ကို ပိုမိုသိမြင်လာစေရေး ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဝန်ကြီးဌာနရှိ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ပြိုင်ပွဲဝင်အသင်းများက အားကြိုးမာန်တက်ယှဉ်ပြိုင်ကြသည်။ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများ၏ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို လိုက်လံကြည့်ရှုအားပေးကြပြီး ဝန်ထမ်းများကလည်း အိုးစည်ဒိုးပတ်များဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် သီဆိုတီးခတ်၍ အားပေးကြသည်။

ပြိုင်ပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ဆုရရှိသည့်အသင်းများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**သတင်းစဉ်**

# သာစည်၌ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး

**သာစည် ဖေဖော်ဝါရီ ၂၀**

သာစည်မြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ပြည်ညောင်ကျေးရွာ ဘုန်းကြီးကျောင်း၌ ယနေ့ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ Fire Hotspot ဖြစ်ပေါ်စေသည့် အကြောင်းအရင်းများ ရှာဖွေဖော်ထုတ်နိုင်ရေး ကွင်းဆင်း စစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးစိုးဝင်းအောင်က ဟောပြောပွဲပြုလုပ်ခြင်းနှင့်ပတ်သက်၍ ဆွေးနွေးသည်။

ဆက်လက်ပြီး ခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးစိုးက သဘာဝဘေးဆိုင်ရာများနှင့်ပတ်သက်၍ ဌာနမှ ဆောင်ရွက်မှုများ အကြောင်းကို လည်းကောင်း၊ ခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်အေးစန္ဒာက မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ် ပူးပေါင်းတို့ကာကွယ် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်သစ်တောဦးစီးဌာနဦးစီးမှူး ဦးအောင်ကျော်စိုးနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယ မီးသတ်ဦးစီးမှူးဦးစည်သူအောင်တို့က သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေး၊ မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာများနှင့် မီးဘေးအန္တရာယ်ကာကွယ်ရေးတို့ကို အသိပညာပေး ဆွေးနွေးပြောကြားကြသည်။ **မြို့နယ်(ပြန်/ဆက်)**



# နိုင်ငံပိုင်သယံဇာတများကို မတော်လောဘဖြင့် ဥပဒေမဲ့ခိုးထုတ်ကာ အကြမ်းဖက်နှင့် လက်နက်ကိုင်သောင်းကျန်းမှုများကို ထောက်ပံ့နေမှုအား တိုက်ဖျက်သွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

နိုင်ငံတော်သည် နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ် ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားသည်။ ထို့အပြင် နိုင်ငံပိုင်သယံဇာတပစ္စည်းများအား စီးပွားရေးအင်အားစုများက ထုတ်ယူသုံးစွဲခြင်းကို ကွပ်ကဲကြီးကြပ်နိုင်ရန် လိုအပ်သည့်ဥပဒေပြဋ္ဌာန်းရမည်ဟု အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားချက်နှင့်အညီ နိုင်ငံပိုင်သယံဇာတပစ္စည်းများ၏ သက်ဆိုင်ရာကဏ္ဍအလိုက် ဥပဒေများလည်း ပြဋ္ဌာန်းထားရှိပြီး သယံဇာတထုတ်ယူခြင်း လုပ်ငန်းများကို သက်ဆိုင်ရာဥပဒေများနှင့်အညီ ဆောင်ရွက်ခွင့်ပြုထားသည်။

သို့ရာတွင် နိုင်ငံတော်အတွင်းရှိ ဒေသအချို့တွင် ဖြစ်ပေါ်လျက်ရှိသော အကြမ်းဖက်တိုက်ခိုက်မှုများ၊ လက်နက်ကိုင်သောင်းကျန်းမှုများကို အခွင့်ကောင်းယူကာ မတော်လောဘ စီးပွားရေးသမားများက နိုင်ငံပိုင်သယံဇာတပစ္စည်းများကို ဥပဒေမဲ့ခိုးထုတ်နေကြပြီး အကြမ်းဖက်အုပ်စုများကိုထောက်ပံ့ခြင်း၊ လက်နက်ကိုင်သောင်းကျန်းသူများအား ထောက်ပံ့ခြင်းများကို လုပ်ဆောင်နေကြသည်။ ထိုသို့သော မတော်လောဘဖြင့် ဥပဒေမဲ့နိုင်ငံပိုင်သယံဇာတပစ္စည်းများကို ခိုးထုတ်ကြရာတွင် ဥပဒေကို မသိနားမလည်သည့်အပြင် ဆင်းရဲနွမ်းပါးသည့် ဒေသခံပြည်သူများကို ငွေကြေးဖြင့် ဆွဲဆောင်စည်းရုံးကာ အလုပ်လုပ်ကိုင်စေလျက်ရှိကြောင်းကိုလည်း တွေ့ရသည်။ ယင်းသို့ လုပ်ကိုင်ခြင်းသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အကြမ်းဖက်မှုကို အားပေးမှုမြောက်ကြောင်း ယင်းကဲ့သို့ ဥပဒေမဲ့ခိုးထုတ်မှုများတွင် ဝင်ရောက်လုပ်ကိုင်နေကြသည့် ပြည်သူများ သတိပြုကြရန်လိုပါသည်။

မတော်လောဘဖြင့် နိုင်ငံ၏ သယံဇာတပစ္စည်းများကို ဥပဒေမဲ့ ခိုးထုတ်နေကြပြီး အကြမ်းဖက်အုပ်စုများနှင့် လက်နက်ကိုင်သောင်းကျန်းသူများကို ထောက်ပံ့နေမှုများအား နိုင်ငံတော်အနေဖြင့် စိစစ်ဖော်ထုတ်၍ လိုအပ်သလို တိုက်ဖျက်ဆောင်ရွက်သွားမည် ဖြစ်သည်။ သို့ပါ၍ ပြည်သူများအနေဖြင့် အကြမ်းဖက်အုပ်စုများနှင့် လက်နက်ကိုင်သောင်းကျန်းသူများကို အားပေးထောက်ပံ့မှုပြုနေသည့် ယင်းကဲ့သို့ ဥပဒေမဲ့သယံဇာတခိုးထုတ်သည့် လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ခြင်းမှ အထူးသတိပြုရှောင်ရှားကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးရေးကော်မရှင်၏ ဒုတိယအကြိမ် အစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

**စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်၏ ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ရေဆင်းစိုက်ပျိုးရေးသုတေသန ဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပသည်။**



အစည်းအဝေးသို့ စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ညိုစောနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း (UMFCCI) မှ တာဝန်ရှိသူများက အွန်လိုင်းစနစ်ဖြင့် ပါဝင် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ညိုစောက နိုင်ငံတော်အကြီးအကဲက မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသောစက်မှုလုပ်ငန်း (Agro Base Industry)ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည်ဆိုပါက နိုင်ငံ့စီးပွားနှင့် ပြည်သူတို့၏ အကျိုးစီးပွားများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် နည်းပညာအထက်တန်းကျောင်းများ ဖွင့်လှစ်နိုင်ရေးကို ဆောင်ရွက်ခဲ့ကြောင်း၊ ခေတ်မီ စိုက်ပျိုးမွေးမြူရေးစနစ်သို့သွားနိုင်ရန် ပထမဦးစွာ သမားရိုးကျစိုက်ပျိုးမွေးမြူရေးစနစ်များ အစားစနစ်ကျနသည့် စိုက်ပျိုးရေး၊ မွေးမြူရေးသို့ သွားရန်လိုကြောင်း၊ ယင်းအတွက် လူသားအရင်းအမြစ်များ လိုအပ်ကြောင်းကို လမ်းညွှန်မိန့်ကြားခဲ့ပြီး ဖြစ်ပါကြောင်း။

သို့ဖြစ်၍ တိုင်းဒေသကြီး ပြည်နယ်အလိုက် စိုက်ပျိုးမွေးမြူရေးကို ကျွမ်းကျင်မှုရှိသည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်ဒေသအလိုက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် အခြေခံကောင်းများရှိပြီး နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးအတွက် စိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင်မြင်အောင် မိမိတို့ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး တိုင်းဒေသကြီး ပြည်နယ်များ၌ မွေးမြူရေးဇုန်များအလိုက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဇုန်များအလိုက် ထိုက်သင့်သည့် နှုန်းထားများအတိုင်း မွေးမြူဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း။

ဒေသအလိုက် လိုအပ်သော ရေရရှိရေးအတွက် မိုးကောင်းသောက်ရေ၊ ဆည်ရေ၊ မြေအောက်ရေ၊ မြစ်ရေဟူ၍ နည်းလမ်းများရှိသဖြင့် စီမံဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မြစ်ကြီးများအနီးတွင်ရှိသည့် ဒေသများအနေဖြင့် မိမိတို့လုပ်ငန်းအလိုက် မြစ်ရေတင်စီမံကိန်းများ ဆောင်ရွက်၍ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်ဖြစ်ပြီး လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို နေရောင်ခြည်စွမ်းအင်ဖြင့် ထုတ်ယူဆောင်ရွက်နိုင်ကြောင်း၊ နိုင်ငံတော်မှ ဆောင်ရွက်သည့် ဆိုလာစီမံကိန်းများရှိသကဲ့သို့ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ လုပ်ငန်းလိုအပ်ချက်အလိုက် ဆိုလာစီမံကိန်းများ ဆောင်ရွက်နိုင်ကြောင်း။

ယင်းလုပ်ငန်းအတွက် ရင်းနှီးငွေလိုအပ်ပါက လိုအပ်သော စီမံကိန်းချေးငွေများကို ခွင့်ပြုမည်ဖြစ်ကြောင်း နိုင်ငံတော်က လမ်းညွှန်မှုပြုပြီး ဖြစ်ကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်၏ လမ်းညွှန်မှုများနှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုများကို မိမိတို့ကော်မရှင်နှင့် တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့များက လုပ်ငန်းများ အောင်မြင်စေရေး လက်တွေ့ ကြပ်မတ်ကွပ်ကဲ အကောင်အထည် ဖော်ကြရမည် ဖြစ်ကြောင်း။

တစ်ဖက်တွင်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၌ ပြည်တွင်းပြည်ပ လာရောက်ရင်းနှီးမြှုပ်နှံမှုများ ရှိပါကလည်း လုပ်ငန်းများ လွယ်ကူချောမွေ့စေရန် ခွင့်ပြုမိန့်ရရှိရေး ဆောင်ရွက်ရာ၌ ကြန့်ကြာမှုမရှိစေရေး ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ အထူးသဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် လိုအပ်သောနည်းပညာ၊ လျှပ်စစ်ဓာတ်အား၊ အရင်းအနှီးတို့ကို ဖန်တီးပေးရန် အရေးကြီးပါကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးရေးကော်မရှင်၏ လုပ်ငန်းတာဝန်(၂၁)ချက်ကိုလည်း ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး ပြည်နယ် အစိုးရများမှ ချိတ်ဆက်မှုအားကောင်းကောင်းဖြင့် မျက်ခြည်မပြတ် ကြပ်မတ်ဆောင်ရွက်ပေးကြရန်နှင့် အဆိုပါလုပ်ငန်းတာဝန်များ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်ချက်များကိုလည်း ဝန်ကြီးဌာနတစ်ခုချင်းသာမက ဆက်စပ်ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး ပြည်နယ်အစိုးရများက ဝိုင်းဝန်း အကြံပြုသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးရေးကော်မရှင်၏ ပထမအကြိမ်အစည်းအဝေး လမ်းညွှန်ချက်များနှင့် ဆုံးဖြတ်ချက်များကို ကော်မရှင်အတွင်းရေးမှူးက ရှင်းလင်းတင်ပြပြီး ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်တိုင်းဒေသကြီး ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း (UMFCCI)နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ဆွေးနွေးတင်ပြမှုများအပေါ် ဖြည့်စွက်ဆွေးနွေးပြီး ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ယနေ့တွင် ကော်မရှင်ဥက္ကဋ္ဌသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ တစ်နှစ်သုံးသီး သီးထပ်သီးနှံပုံစံ စမ်းသပ်စံပြစိုက်ကွင်းနှင့် သုတေသနစိုက်ကွင်းများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးပြီး စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် မွေးမြူရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်များက ဆောင်ရွက်ဆဲ သုတေသနလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန မျိုးစေ့နမူနာပြခန်းများ၊ မျိုးစေ့ဘဏ်နှင့်စိုက်ပျိုးနည်းပညာ ပြန့်ပွားစေရေးနှင့် တောင်သူပညာပေး ထုတ်လွှင့်သည့် တောင်သူလယ်သမားကဏ္ဍ ရုပ်သံစတူဒီယိုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

❍ *ရှေ့ဖုံးမှ*

ဆက်တိုက်ပညာပေးခဲ့ပါတယ်" ဟု ကွင်းတာဝန်ခံက ပြောကြားသည်။

ကုလားပဲသီးနှံကို ကျေးရွာအုပ်စု ၆၅ အုပ်စုတွင် စိုက်ပျိုးလျက်ရှိပြီး ယခင်နှစ် ကာလတူ စိုက်ဧကထက် ပိုတိုးလာကြောင်း သိရသည်။

**ဇော်မြင့်နိုင်(ပြန်/ဆက်)**

❖ *ရှေ့ဖုံးမှ*

ကျောက်ဆည်မြို့နယ်အနေဖြင့် နှမ်းသီးနှံများ စိုက်ပျိုးရာတွင် ဒေသနှင့် ကိုက်ညီပြီးအထွက်နှုန်းကောင်းမွန်သည့် ဆင်းရတနာ(၄) နှမ်းအဖြူမျိုးများ အဓိကထားစိုက်ပျိုးကြပြီး နှမ်းသီးနှံများ အောင်မြင်ဖြစ်ထွန်းစေရေးနှင့် အထွက်နှုန်းကောင်းမွန်စေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက တောင်သူများနှင့် ပူးပေါင်းပြီး နည်းပညာများစနစ်တကျ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စိုက်ပျိုးရေများ လုံလောက်စွာ အလှည့်ကျစနစ်ဖြင့် ပေးဝေလျက်ရှိကြောင်း သိရသည်။

**သက်မောင်**

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ (၁) (သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန)

*မြင့်စိုး(နတလ)*

**မိုခါကို အမှတ်ရမိသည်**

ကျွန်တော် အမှတ်ရသလို အားလုံးကလည်း မှတ်မိကြဦးမည် ထင်ပါသည်။ အချိန်ကာလ အနေဖြင့် တိတိကျကျပြောရလျှင် ၂၀၂၃ ခုနှစ် မေလ ၁၄ ရက်နေ့ နံနက်ပိုင်းမှစတင်၍ ရခိုင်ပြည်နယ် စစ်တွေအပါအဝင် မြို့ရွာဒေသ အတော်များများကို “မိုခါ” မုန်တိုင်း ဝင်ရောက်တိုက်ခတ်သွားခဲ့သည်။

ရခိုင်ပြည်နယ်မြို့နယ် ၁၇ မြို့နယ်ရှိသည့်အနက် စစ်တွေ၊ ရသေ့တောင်၊ မင်းပြား၊ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ ကျောက်တော်၊ မြောက်ဦးဒေသများတွင် ထိခိုက်ပျက်စီးမှု များပြားခဲ့ပြီး ကျန်မြို့နယ်များက ကံကောင်းထောက်မစွာ ထိခိုက်ရှုနာ နည်းခဲ့သည်။

နိုင်ငံတော်အကြီးအကဲ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မေလ ၁၅ ရက်နေ့ မွန်းလွဲပိုင်းတွင် စစ်တွေမြို့သို့ ရောက်ရှိလာပြီး အရေးပေါ်စီမံခန့်ခွဲခြင်း၊ တုံ့ပြန်ခြင်း၊ ကယ်ဆယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိုယ်စီလုပ်ငန်းတာဝန်များ ပေးအပ်၍ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လမ်းညွှန်မှာကြားခဲ့သည်။ ထိုနည်းတူစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည်လည်း မေလ ၁၇ ရက်နေ့တွင် စစ်တွေ မြို့သို့ ရောက်ရှိပြီး ရခိုင်ပြည်နယ် မုန်တိုင်းဒဏ်သင့်ဒေသများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်မှာကြားခဲ့သည်။

ယင်းနောက်တွင်မတော့ မုန်တိုင်းဒဏ်သင့် ရခိုင်ဒေသ မြို့ရွာများကို ယခင်မူလအခြေအနေထက် သာလွန်ကောင်းမွန်အောင် ပြန်လည်ထူထောင်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်အစိုးရတို့ တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည်။ စေတနာရှင် အလှူရှင်များကလည်း သဒ္ဓါတရားထက်သန်စွာ လှူဒါန်းကူညီခဲ့ကြသည်။

တပ်မတော်(ရေ)၊ တပ်မတော်(လေ)မှ ရေယာဉ် လေယာဉ်များ၊ ထောက်ပို့မော်တော်ယာဉ်တန်းများကလည်း ရခိုင်ဒေသအတွက် စားရေရိက္ခာများ






ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၆ ရက်အထိ ကျင်းပသည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြခန်းတွင် ပြသထားသော သုတေသနထုတ်ကုန်များ။

ကူညီထောက်ပံ့ရေး၊ တည်ဆောက်ရေးပစ္စည်းများ သယ်ယူရေးတို့တွင် အမျိုးသားရေးတာဝန်တစ်ရပ် အနေဖြင့် ပါဝင်ခဲ့ရသည်။ မုန်တိုင်းမလာမီကပင် အဆင့်ဆင့်လမ်းညွှန်မှုများဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့ကြ၍ လည်းကောင်း၊ မုန်တိုင်းဝင်ရောက်ပြီးနောက် ပူးပေါင်းဆောင်ရွက်ခဲ့ကြ၍ လည်းကောင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လျင်မြန်စွာ လုပ်ဆောင်နိုင်ခဲ့ကြပြီး လျှပ်စစ်မီးများ လင်းခဲ့သည်။ လမ်း၊ တံတားများ ပြုပြင်တည်ဆောက်ပေးနိုင်ခဲ့သည်။ သန့်ရှင်းသော သောက်သုံးရေများ ဖြန့်ဝေပေးနိုင်ခဲ့သည်။ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ အချိန်မီ ပြန်လည် ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့သည်။ ဆေးရုံ၊ ဆေးခန်းများ ပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်သကဲ့သို့ အထူးကုဆရာဝန်ကြီးများအဖွဲ့ဖြင့် မြို့နယ်အသီးသီးသို့ သွားရောက်ကုသပေးနိုင်ခဲ့ကြသည်။ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ပြန်လည်စတင်နိုင်ခဲ့သည်။ ဘုရားကျောင်းကန်စေတီပုထိုးများ၊ သာသနိကအဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာအဆောက်အအုံများကို ပြန်လည်ပြုပြင်မွမ်းမံ တည်ဆောက်ပေးခဲ့ကြသည်။ အားကစားကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းများပင် မကျန်စေရ။

> “ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်မှ ကျွမ်းကျင်ကျောင်းသား ကျောင်းသူများသည် Website မျိုးစုံကို ကျွမ်းကျင်စွာရေးသားနိုင်သည့်အတွက် MSME လုပ်ငန်းရှင်များ၊ ဘဏ်လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်မည်ဆိုပါက ကျောင်းသား ကျောင်းသူများအနေဖြင့် Domain Knowledge များ ရရှိပြီး ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ရန် မလိုအပ်ဘဲ ပြည်တွင်း၌ အလုပ်အကိုင်ရရှိစေမည်ဖြစ်ပြီး လုပ်ငန်းရှင်များအနေဖြင့်လည်း အကျိုးကျေးဇူးများစွာရရှိနိုင်သည့်အတွက် နှစ်ဦးနှစ်ဖက် အကျိုးကျေးဇူးများစွာရရှိနိုင်သော လုပ်ငန်းစဉ်ဖြစ် ”

ယင်းလုပ်ငန်းများ ဆောင်ရွက်ပေးဖို့ရာအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများအနေဖြင့် ရခိုင်ဒေသသို့ မကြာခဏသွားရောက်ကွပ်ကဲ ဆောင်ရွက်ခဲ့ကြသလို ဒုတိယဝန်ကြီးများက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရိပ်သာတွင် ရက်ပေါင်းများစွာ အခြေပြုနေထိုင်၍ မိမိတို့တာဝန်ယူထားရသော ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ် ဆောင်ရွက်ခဲ့ကြရသည်။

ကျွန်တော်သည်လည်းပဲ သမဝါယမနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးနေသည့်သောက်သုံးရေဖြန့်ဝေရေးလုပ်ငန်းများ၊ လမ်း၊ တံတား ပြုပြင်တည်ဆောက်ပေးမှုများ၊ သမဝါယမအသင်းအဖွဲ့များ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ရက်ပေါင်း ၆၂ ရက်ကြာ နေထိုင်ဆောင်ရွက်ခဲ့သည်။ ယင်းသို့ ဆောင်ရွက်ရင်း နိုင်ငံတော်အစိုးရ၏ စေတနာ၊ ဝန်ကြီးဌာနများ၏ ကြိုးပမ်းဆောင်ရွက်မှု၊ အလှူရှင်များ၏ သဒ္ဓါတရားတို့ကို အများပြည်သူ သိရှိစေရန်အတွက် သတင်းစာဆောင်းပါးများ ရေးသားဂုဏ်ပြုပေးခဲ့သည်။

ထိုသို့ ဂုဏ်ပြုရေးသားရာတွင် မြို့ရွာအသီးသီး၌ လျှပ်စစ်ဓာတ်အား ပြန်လည်ပို့လွှတ်မီးလင်းစေရေးအတွက် နေ့မအား ညမနား၊ မိုးထဲလေထဲရေထဲမှာ အပင်ပန်းခံ ဆောင်ရွက်ခဲ့ကြသည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကို ပထမဦးဆုံး ဖော်ပြ၍ ရေးသားခဲ့သည်။ **မိုခါမုန်တိုင်းဒဏ်သင့် ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ (လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)** ခေါင်းစဉ်ဖြင့်။

သို့နောက်မှ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ စသည်ဖြင့်။

စေတနာရှင် အလှူရှင်များနှင့် အနုပညာရှင်များကို ရည်ညွှန်း၍ **မိုခါမုန်တိုင်းကြားက နှလုံးလှသူများ** ခေါင်းစဉ်ဖြင့် ထည့်သွင်းဖော်ပြလိုက်သေးသည်။ ဆိုရသော် ရခိုင်ဒေသနှင့်ပတ်သက်၍ မရည်ရွယ်ဘဲလျက် မှတ်တမ်းတစ်ခု ပြုမိသွားခဲ့သည်။ ယခုလည်း **“ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့”** ခေါင်းစဉ်ဖြင့် ဆောင်းပါးများ ရေးသားဂုဏ်ပြုရန် ကြံရွယ်လိုက်သောအခါ ပထမဦးဆုံးမြင်လိုက်မိသည်က သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနဖြစ်လို့ နေပါတော့သည်။ သူတို့ဝန်ကြီးဌာနနှင့် Digital Corner ပြခန်းတို့ ချိတ်ဆက်ပြီး လုပ်ငန်းရှင်များ၊ လေ့လာကြည့်ရှုသူများ၏ လိုလားချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့၍ပါတည်း။

**သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြခန်း**

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြခန်းတွင် သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ ဇီဝနည်းပညာ သုတေသနဦးစီးဌာနနှင့် အဏုမြူစွမ်းအင်ဦးစီးဌာန စသည့်ဦးစီးဌာန သုံးခု ပေါင်းစပ်၍ ပြည်တွင်းထုတ်လုပ်မှု ဖူလုံစေရန်၊ ပြည်ပပို့ကုန်တိုးမြှင့်နိုင်စေရန်နှင့် နိုင်ငံတကာဈေးကွက်အထိ ထိုးဖောက်နိုင်စေရန် ရည်ရွယ်ပြီး ပြကွက် ၁၂ ကွက်ဖြင့် ပြသထားရှိပါသည်။

သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၏ ပြကွက်တွင် စက်မှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများအတွက် ကုန်ထုတ်လုပ်မှု အရည်အသွေးနှင့် ဈေးကွက်လိုအပ်ချက်များကို တိုးတက်စေရန်၊ နိုင်ငံတော်၏ ဝင်ငွေနှင့် ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံဖြစ်သော ကုန်ထုတ်လုပ်မှုများ မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် မြန်မာ့စံချိန်စံညွှန်းနှင့် ISO စံချိန်စံညွှန်းများ ရောင်းချခြင်း၊ စံချိန်စံညွှန်းဆိုင်ရာ အသိပညာပေးသင်တန်းများ ပို့ချခြင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုဆိုင်ရာနည်းပညာ အတားအဆီးများ (WTO/ TBT) သဘောတူညီချက်နှင့်အညီ အမျိုးသားအဆင့်စုံစမ်းရေးဌာန (National Enquiry Point)အဖြစ် ဆောင်ရွက်ခြင်း၊ စံချိန်စံညွှန်းစာကြည့်တိုက်အနေဖြင့် ဝန်ဆောင်မှုပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

*စာမျက်နှာ ၇ သို့*






ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၆ ရက်အထိ ကျင်းပသည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ၌ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ တီထွင်ထားသော Smart Helmet for Riders နှင့် သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၏ လုပ်ငန်းစဉ်များကို ကြည့်ရှုလေ့လာသူများကို တွေ့ရစဉ်။

*စာမျက်နှာ ၆ မှ*

ဇီဝနည်းပညာသုတေသနဦးစီးဌာန၏ ပြကွက်တွင် လက်ရှိထုတ်လုပ်ရောင်းချနေသည့် ဇီဝထုတ်ကုန် ခြောက်မျိုး ရွှေစိမ်း (အပင်အားတိုးဆေး)၊ ရွှေဆည်ရည် (သီးပွင့်အားတိုးဆေး၊ အပင်ရောဂါပိုးကာကွယ်ဆေး)၊ ရွှေပိုးနှင် (သီးပွင့်အားတိုးဆေး၊ အပင်ရောဂါကာကွယ်ဆေး)၊ ရွှေဇီဝ (အကျိုးပြုအဏုဇီဝပိုးတွေပါသော ဇီဝမြေဩဇာ)၊ တစ်သျှူးမျိုးပွားအပင်များ (နဂါးမောက်၊ တပင်တိုင်မြနန်း၊ ရွှေနီ၊ ဖီးကြမ်း၊ ခွံ့ဝါ တစ်သျှူးငှက်ပျော၊ နာနတ်၊ မြန်မာသစ်ခွ၊ ပိန်းပန်း)၊ Green – Tricho ဇီဝမှိုသတ်ဆေး (မြေတွင်းအောင်းမှိုသတ်ဆေး၊ မြေဆောင်၊ လေဆောင်၊ အစေ့ဆောင်မှို) စသည်တို့ကို ပြသထားရှိပါသည်။

အဏုမြူစွမ်းအင်ဦးစီးဌာန၏ ပြကွက်တွင် နျူကလီးယားနည်းပညာကို အသုံးချပြီး MSME ထုတ်ကုန်များကို အရည်အသွေးနှင့် တန်ဖိုးမြှင့်တင်ထုတ်လုပ်ပုံများကို အဓိက ပြသထားပါသည်။ ဂမ္မာခတ်ရောင်ခြည်ပေးပြီး ဝန်ဆောင်မှုလုပ်ငန်း ခုနစ်မျိုးကို ဆောင်ရွက်နိုင်ပါသည်။ အဆိုပါဝန်ဆောင်မှုများအနေဖြင့် အစားအစာများ ဘေးအန္တရာယ်ကင်းရှင်းစေခြင်း၊ တာရှည်ခံခြင်း၊ စက်မှုထုတ်ကုန်ပစ္စည်းများဖြစ်သည့် ဝိုင်ယာကြိုးများ၊ Polyethylene Foam Pipe များ၏ ဂုဏ်သတ္တိအရည်အသွေးတိုးတက်မြှင့်တင်လာစေခြင်း၊ စိုက်ပျိုးရေးအထောက်အကူပြုသင်တန်းများ၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုများ လျှော့ချရေးမှာ အထောက်အကူဖြစ်စေခြင်း၊ သဘာဝတွင်းထွက် ကျောက်မျက်များ၏ အရည်အသွေးမြှင့်တင်ခြင်း၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၏ အရည်အသွေးမြှင့်တင်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဖြစ်ပါသည်။ ယခုအခါ Semi commercial အဆောက်အအုံကို ဆောက်လုပ်လျက်ရှိပြီး နောင်လာမည့် တစ်နှစ်၊ နှစ်နှစ်အတွင်း ပြည်သူများ အသုံးချနိုင်မည်ဖြစ်ကြောင်း တာဝန်ရှိသူက ပြောကြားခဲ့သည်။

**လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်မှုအခြေအနေ**

ပြပွဲတွင် One Stop Service ကိုလည်း ဆောင်ရွက်ပေးထားပြီး နည်းပညာ လာရောက်တောင်းခံသည့် လုပ်ငန်းရှင်များကို ပြပွဲအချိန်တွင်းမှာပင် ရှင်းလင်းဆွေးနွေးပေးပါသည်။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနတွင် မြန်မာစံချိန်စံညွှန်းစာရင်း (List) ၈၈၉ ခု ရှိပြီး ၎င်းတို့အနက်မှ လုပ်ငန်းရှင်များလိုအပ်သည့် စံချိန်စံညွှန်းမပါဝင်သဖြင့် ထပ်မံရေးဆွဲပေးရန် တောင်းခံသူလုပ်ငန်းရှင်များအား နည်းပညာတောင်းခံသည့်ပုံစံ (Form) တွင် ဖြည့်သွင်းဆောင်ရွက်ပေးရာ ပြပွဲကာလအတွင်း လုပ်ငန်းရှင် ၄၂ ဦး တင်သွင်းသွားပါသည်။ လုပ်ငန်းရှင်တစ်ဦးအတွက် ၎င်း၏လယ်ယာထုတ်ကုန်မှာ သုံးသည့် စက်ပစ္စည်းအစိတ်အပိုင်းများအား မာကြောမှုတိုင်းတာပြီးဖြစ်ကြောင်း၊ Stainless Steel ဖြစ်ကြောင်း၊ Certificate ရရန်အတွက် ရန်ကုန်သို့ ပေးပို့ပြီး လုပ်ငန်း (Function) အား ချက်ချင်းဆောင်ရွက်ပေးခဲ့ကြကြောင်း တွေ့ရသည်။

**Digital Corner ပြခန်း**

Digital Corner ပြခန်းကို ပြခန်းအမှတ် ၂၇ တွင် ထားရှိပြီး MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒစ်ဂျစ်တယ်နည်းပညာအသုံးချမှုဆိုင်ရာ ပြကွက် ၁၆ ခုအား Nay Pyi Taw State Polytechnic University အပါအဝင် အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက် တက္ကသိုလ် ၉ ခုမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၃၆ ဦးတို့က ရှင်းလင်းပြသခဲ့ကြသည်။ Smart Agriculture၊ e-Commerce၊ e-Service ပြကွက်များအပြင် ဉာဏ်ရည်တုနည်းပညာ AI ပြကွက်များလည်း ပါဝင်ပေသည်။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ခင်းကျင်းပြသထားသည့် Digital Corner ပြခန်းတွင် Digital Solution for Restaurant၊ Smart Helmet for Riders၊ Sales and Ordering Management System၊ Paddy Farming System for Mon State၊ Heritage Craft Heaven၊ Rental and Sale Management System၊ Leather Lux ၊ Myanmar Cuisine၊ Digital Transformation of MSME၊ Ayar Farm Link MSME Mobile App၊ AI for MSME၊ Myanmar Product Zone၊ Hair Salon Management System၊ Farmers' Era၊ CashNex Banking System၊ Branded Cosmetics Online Shopping System စသည့် ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ ပရောဂျက်များအကြောင်းကို ရှင်းလင်းပြသထားပါသည်။

MSME လုပ်ငန်းရှင်များ၏ ထုတ်ကုန်များကို Online မှတစ်ဆင့် ရောင်းချနိုင်စေရန်၊ ထုတ်ကုန်များကို ကြော်ငြာနိုင်စေရန်၊ ငွေပေးချေမှုများ ဆောင်ရွက်လိုပါက ဒစ်ဂျစ်တယ်နည်းပညာများကို အသုံးပြုခြင်းဖြင့် တွင်တွင်ကျယ်ကျယ် ဆောင်ရွက်နိုင်စေရန် e-Commerce Website များ ထူထောင်ပေးထားပြီး ပုသိမ် ကွန်ပျူတာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ ရေးဆွဲထားသည့် Digital Transformation of MSME ကို Website Portal တွင် ထုတ်လွှင့်ထားရှိပြီး ဖြစ်ပါသည်။

ထို့ပြင် ဒစ်ဂျစ်တယ်နည်းပညာနှင့် ပြုလုပ်ထားသည့် Smart Helmet for Riders ကို ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများက တီထွင်ထားရှိပြီး Launch လုပ်ရန် စီစဉ်ဆောင်ရွက်နေဆဲ ဖြစ်ပါသည်။ ယခုအခါ MSME ပြပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ လုပ်ငန်းရှင်တစ်ဦးက ကောက်စိုက်ကိရိယာတီထွင်လိုသည့်အတွက် နည်းပညာအကူအညီပေးရန် တောင်းခံခဲ့ကြောင်းလည်း သိရှိခဲ့ရသည်။

နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်မှ ကျွမ်းကျင်ကျောင်းသား ကျောင်းသူများသည် Website မျိုးစုံကို ကျွမ်းကျင်စွာ ရေးသားနိုင်သည့်အတွက် MSME လုပ်ငန်းရှင်များ၊ ဘဏ်လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်မည်ဆိုပါက ကျောင်းသား ကျောင်းသူများအနေဖြင့် Domain Knowledge များ ရရှိပြီး ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ရန် မလိုအပ်ဘဲ ပြည်တွင်း၌ အလုပ်အကိုင်ရရှိစေမည်ဖြစ်ပြီး လုပ်ငန်းရှင်များအနေဖြင့်လည်း အကျိုးကျေးဇူးများစွာ ရရှိနိုင်သည့်အတွက် နှစ်ဦးနှစ်ဖက် အကျိုးကျေးဇူးများစွာ ရရှိနိုင်သော လုပ်ငန်းစဉ်ဖြစ်ပါသည်။

**ပရောဂျက်များ ပူးပေါင်းဆောင်ရွက်ရန် ကမ်းလှမ်းမှု**

Digital Corner ပြခန်းကို ဝင်ရောက်ကြည့်ရှုလေ့လာကြပြီးနောက် ပြခန်းရှိ ပရောဂျက်များအား ပူးပေါင်းဆောင်ရွက်ရန် အကြံပြုဖိတ်ခေါ်သူ များစွာရှိလာခဲ့သည်။ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက Farmers' Era ကို နေပြည်တော်ကောင်စီနယ်မြေရှိ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ဆက်စပ်သော စီးပွားရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က Paddy Farming System for Mon State၊ Ayar Farm Link MSME Mobile App၊ Farmers' Era ကို မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် လည်းကောင်း၊ မြန်မာ့ဩဘာလုပ်ငန်းစုမှလည်းကောင်း အခြားသောပညာရှင်၊ လုပ်ငန်းရှင်များမှလည်းကောင်း အကြံပြုမှုများ၊ ဖိတ်ခေါ်ကမ်းလှမ်းမှုများ ပြုလုပ်ခဲ့ကြကြောင်း တွေ့ရသည်။

**ဆုချီးမြှင့်ရေးမှာ ပါဝင်ကူညီ**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် သူ၏တပည့်များကို ကျေးဇူးတင်ရသည့် ကိစ္စတစ်ခုမှာ ကျွန်တော် ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်သော ပြိုင်ပွဲကျင်းပရေး၊ ဆုရွေးချယ်ရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီကို သူတို့၏ နည်းပညာဖြင့် ဝိုင်းဝန်းကူညီခဲ့ကြ၍ ဖြစ်သည်။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲဆုချီးမြှင့်ခြင်းအခမ်းအနားတွင် ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှု (Digital Transformation) ကို လက်တွေ့ကျကျ ဆောင်ရွက်သည့်အနေဖြင့် LED Board ပေါ်၌ နောက်ခံပြသမှု၊ ဒစ်ဂျစ်တယ်ဆုတံဆိပ်များ ပြုလုပ်မှု၊ ဂုဏ်ပြုချီးမြှင့်ငွေကို ဆုရသူ၏ iBanking Account ထဲသို့ လွှဲပြောင်းပေးပို့မှုအားလုံးကို အဆင်ပြေချောမွေ့အောင် ကူညီခဲ့ကြသည်။

ဆုရသူများ၏ ကိုယ်ရေးအချက်အလက်ကို ဖော်ပြရန်အတွက် ပိုင်သွန် (Python) ပရိုဂရမ်ဘာသာစကားဖြင့် ရေးသားခြင်း၊ ငွေပေးချေမှုလုပ်ငန်းစဉ်နှင့် ဆုချီးမြှင့်မှု လုပ်ငန်းစဉ်တို့အတွက် ဒီဇိုင်းရေးဆွဲဖန်တီး တည်ဆောက်ပေးခဲ့ကြသည်။

ကျေးဇူးတင်ရပါသည် သိပ္ပံနှင့် နည်းပညာ။

*(ဆက်လက်ဖော်ပြပါမည်)*



## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေ ပေးအပ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ထောက်ပံ့ငွေပေးအပ်ခြင်းကို ဖေဖော်ဝါရီ ၁၉ ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးခန်း၌ ဆောင်ရွက်သည်။

ဦးစွာ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းလွင်က ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစန်းလွင်နှင့် တာဝန်ရှိသူများက ယာယီနေရပ်စွန့်ခွာပြည်သူ ၉၆၇ ဦးအား တစ်ဦးလျှင် ကျပ် ၂၀၀၀၀ နှုန်းဖြင့် ယာယီနေရပ်စွန့်ခွာပြည်သူများ လက်ဝယ်အရောက် ပေးအပ်ကြောင်း သိရသည်။

ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်အတွင်း ဖေဖော်ဝါရီ ၅ ရက်အထိ ယာယီနေရပ်စွန့်ခွာပြည်သူ ၁၉၃၄ ဦးရှိရာ ကျန်ရှိနေသူများကိုလည်း လက်ဝယ်အရောက် ဆက်လက်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးအောင်(ဒဂုံတောင်)**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟာရီရှ်ချန်ဒရာဂီမီရေး အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအားကောင်းခိုင်မာလာစေရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို မြှင့်တင်နိုင်ရေးနှင့်စပ်လျဉ်း၍ ရင်းနှီးစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မင်္ဂလာဒုံမြို့နယ်ရှိ မြို့တော်ဂေါက်ကွင်း (ငွေသော်တာ) ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ တက်ရောက်ဆုချီးမြှင့်

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးနှင့် ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ငွေး၊ လူမှုရေးရာဝန်ကြီး ဦးငွေးအောင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် မြို့တော်ဂေါက်ကွင်း(ငွေသော်တာ)သို့ရောက်ရှိပြီး မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလားဂေါက်သီးရိုက်ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမြင့်အောင်က အမှတ်တရလက်ဆောင်ကို မြို့တော်ဂေါက်ကွင်း (ငွေသော်တာ)အထွေထွေမန်နေဂျာအားလည်းကောင်း၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမြင့်သောင်းက ကျင်းအမှတ်(၅)တွင် Hole in One ဆုရရှိသော ဦးသန်းထွန်းအားလည်းကောင်း၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေး က ၂၀၂၅ ခုနှစ် မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ အကောင်းဆုံး Best Amateur Player ဆုကို စုစုပေါင်းရိုက်ချက် ၂၈၉ ဖြင့် ဆုရရှိသွားသော ဇော်ဇော်ထွန်းအားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးငွေးအောင် က Senior Pro ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၂၁ ချက်ဖြင့် တတိယရရှိသွားသော ဦးမြင့်သောင်း၊ Senior Pro ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၁၇ ချက်ဖြင့် ဒုတိယရရှိသွားသော စိုးကျော်နိုင်(Taylor-made)၊ Tour Pro ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၈၁ ချက် ဖြင့် တတိယရရှိသွားသော မျိုးဝင်းအောင်နှင့် Tour Pro အဆင့်တွင် စုစုပေါင်းရိုက်ချက် ၂၈၀ ဖြင့် ဒုတိယဆုရရှိသွားသော သီဟငွေး (HAN Golf Masters) တို့အားလည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ငွေးက Senior Pro အဆင့်တွင် စုစုပေါင်းရိုက်ချက် ၂၀၅ ချက်ဖြင့် ပထမဆုရရှိသွားသော မင်းနိုင်အားလည်းကောင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ၂၀၂၅ ခုနှစ် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Tour Pro အဆင့်တွင် စုစုပေါင်းရိုက်ချက် ၂၇၉ ချက်ဖြင့် ပထမဆုရရှိသွားသော နိုင်နိုင်လင်းအားလည်းကောင်း ဆုဖလားနှင့် ဆုကြေးငွေချက်လက်မှတ်ကို ပေးအပ်ချီးမြှင့်သည်။**(အောက်ပုံ)**




ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြို့တော်ဂေါက်ကွင်းအစည်းအဝေးခန်းမတွင် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေး၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ အမှုဆောင်တို့နှင့် တွေ့ဆုံ၍ ထိုင်းနိုင်ငံ၌ ကျင်းပပြုလုပ်မည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်နိုင်ရေးနှင့်ပတ်သက်၍ အထူးဂရုစိုက် ဆောင်ရွက်စေလိုကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့်လည်း လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က အဖွဲ့ချုပ်၏ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်အခြေအနေများနှင့်ပတ်သက်၍ တင်ပြဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ပြည်ထောင်စုခန်းမသို့ရောက်ရှိ၍ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)ရှိ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ၍ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှု ရရှိစေရေးအတွက် ကျရာကဏ္ဍမှ အင်တိုက်အားတိုက် ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းကျောင်းသို့ ရောက်ရှိ၍ Grade-7၊ Grade-8၊ Grade-10၊ Grade-12 နှစ်ဆုံးစာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများ ကြပ်မတ်သင်ကြားပေးနေမှုကိုကြည့်ရှုစစ်ဆေးပြီး တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန် မန္တလေးဗဟိုအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေး

**မန္တလေး ဖေဖော်ဝါရီ ၂၀**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်၊ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်နှင့်အညီ ဖေဖော်ဝါရီ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ မန္တလေးဗဟိုအကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့သည် အကျဉ်းသား အကျဉ်းသူများ၏အိပ်ဆောင်များ၊ အကျဉ်းထောင်ဆေးရုံ၊ စာကြည့်တိုက်၊ သက်မွေးဝမ်းကျောင်း ပညာသင်ကြားပေးသည့် အလုပ်ရုံများ၊ ထောင်ဝင်စာတွေ့ဆုံသည့်နေရာ၊ ထောင်တွင်းစာသင်ကျောင်း၊ အချုပ်ဆောင်၊ စားဖိုကြီး၊ ရိက္ခာဂိုဒေါင်၊ ရေသန့်စက်များ၊ မိလ္လာများနှင့် သုံးရေကန်များ စသည်တို့ကိုကြည့်ရှုစစ်ဆေးသည်။

စစ်ဆေးစဉ် အကျဉ်းသား/အကျဉ်းသူများအား အိပ်ဆောင်များတွင် တွေ့ဆုံပြီး သီးခြားလွတ်လပ်စွာ တွေ့ဆုံခွင့်တောင်းခံသူ အကျဉ်းသား / အကျဉ်းသူ၊ အချုပ်သား/အချုပ်သူ စုစုပေါင်း ၈၆ ဦးကိုတွေ့ဆုံကာ အကျဉ်းသူများ၏တင်ပြချက်များကို မေးမြန်းမှတ်တမ်းတင်ပြီးနောက် အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှုအခြေအနေ၊ ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်များ ကျွေးမွေးမှုအခြေအနေ၊ အကျဉ်းထောင်ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် အကျဉ်းသားများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေ၊ အကျဉ်းသား၏ ရောဂါအခြေအနေအပေါ် မူတည်၍ ပြင်ပဆေးရုံများသို့ တင်ပို့ကုသပေးမှုအခြေအနေ၊ သန့်ရှင်းသောသောက်ရေပေးဝေမှုနှင့် ချိုးရေသုံးရေ လုံလောက်စွာရရှိစေရန် ဆောင်ရွက်ပေးနေမှုအခြေအနေ၊ မိသားစုနှင့် တွေ့ဆုံခွင့်ပေးနိုင်မှုအခြေအနေ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာလက်ခံရရှိမှုအခြေအနေ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိမှုအခြေအနေ၊ ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှား အားကစားဆောင်ရွက်ပေးမှု အခြေအနေ၊ ယုံကြည်ရာကိုးကွယ်သည့် ဘာသာအလိုက် ဝတ်ပြုကိုးကွယ်ခွင့်အခြေအနေ၊ အတန်းပညာနှင့် အသက်မွေးဝမ်းကျောင်း ပညာသင်ကြားပေးနေမှု အခြေအနေ၊ အကျဉ်းသား၊ အကျဉ်းသူများအား အကျဉ်းထောင် ဝန်ထမ်းများကလည်းကောင်း၊ အကျဉ်းသားအချင်းချင်းက လည်းကောင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိအခြေအနေ စသည်တို့ကို မေးမြန်းခဲ့ပြီး အကျဉ်းသားများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ် စာအုပ်စာပေများကို ကော်မရှင်မှ လှူဒါန်းခဲ့ကြသည်။

စစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့် အညီ အကြံပြု ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး မစ္စတာ ဟာရီရှ်ချန်ဒရာဂီမီရေးအား ယနေ့မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာနရှိပြည်ထောင်စုဝန်ကြီးညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။(ယာပုံ)

တွေ့ဆုံစဉ် မတ် ၂၀ ရက်မှ ၂၂ ရက်အထိ နီပေါသံရုံးမှ ဦးစီးကျင်းပမည့် မြန်မာ–နီပေါကုန်သွယ်မှုနှင့် ခရီးသွားကုန်စည်ပြပွဲ – ၂၀၂၅ တွင် မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားကဏ္ဍမှ ပါဝင်ပူးပေါင်းပြသနိုင်ရေး၊ တောင်တက်ခရီးသွားလုပ်ငန်းနှင့် ဘုရားဖူးခရီးသွားလုပ်ငန်းအကောင်အထည်ဖော်နိုင်ရေး၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်း ပူပေါင်းဆောင်ရွက်မှုတိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံခရီးသွားများ ခရီးစဉ်ဒေသများသို့ အပြန်အလှန်သွားလာလည်ပတ်နိုင်ရေး၊ နှစ်နိုင်ငံရှိ ခရီးစဉ်ဒေသများအကြား တိုက်ရိုက်လေကြောင်းလိုင်းများ ပျံသန်းပြေးဆွဲနိုင်ရေး၊ နီပေါခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ ပိုမိုဝင်ရောက်ရေး၊ နှစ်နိုင်ငံ ခရီးသွားကဏ္ဍအတွင်းရှိ အစိုးရ–ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနနှင့် နီပေါသံရုံး ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ကွမ်းခြံကုန်းမြို့နယ်ရှိ နေကြာကေ ၁၀၀ စံပြကွက်နှင့် နွေစပါးကေ ၁၀၀ စံပြကွက်များကြည့်ရှုစစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်းဒေသကြီးဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယနေ့ညနေပိုင်းက ကွမ်းခြံကုန်းမြို့နယ် တောကျောင်းကျေးရွာရှိ နေကြာ ဧက ၁၀၀ စံပြကွက်နှင့် နွေစပါးဧက ၁၀၀ စံပြကွက်များကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်သူ ဒေါ်အေးနီလာသန်း အပါအဝင် တောင်သူ ၂၀ စုပေါင်းစိုက်ပျိုးထားရှိသည့် ရေဆင်း (၁) စပ်မျိုး နေကြာ ဧက ၁၀၀ စံပြကွက်ကို လည်းကောင်း၊ တောင်သူ ဦးမန်းလှပွား အပါအဝင် တောင်သူ ၂၀ က မျိုးစေ့ချကိရိယာ (Seeder) ဖြင့် စုပေါင်းစိုက်ပျိုးထားရှိသည့် ရက် – ၉၀ မျိုးစပါး ဧက ၁၀၀ စံပြကွက်ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။



ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် တောင်သူများက နေကြာနှင့် နွေစပါး စတင်စိုက်ပျိုးသည့်ရက်မှ ယနေ့အထိရှင်သန်ကြီးထွားအောင် ပြုစုစောင့်ရှောက်ခဲ့ရသည့် အခြေအနေများကို လည်းကောင်း၊ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ဆွေနှင့်တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့မှုအခြေအနေများကို လည်းကောင်း၊ နေကြာစိုက်ခင်းတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဝတ်မှုန်ကူးနိုင်အောင် ပျားအကောင်များပါသည့်ပျားပုံး ၁၂၉ ပုံးထားရှိမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို စိုက်ပျိုးရေးဦးစီးဌာနမှ ပညာရှင်များနှင့်ညှိနှိုင်းဆောင်ရွက်ပေးမည့်အခြေအနေများနှင့် ပတ်သက်၍ ပြောကြားသည်။

ယင်းနောက် ကွမ်းခြံကုန်းမြို့နယ် ဝါးကောက်တောကျေးရွာ တောင်သူ ဦးခင်မောင်အေး၏ ဧက ၂၀ တွင် မျိုးစေ့ချကိရိယာ (Seeder) ဖြင့် ယခင်မိုးစပါး နှစ်သီး ယခု ၂၈ ရက်သားရှိ ရက် ၉၀ နွေစပါး တစ်သီးစိုက်ပျိုးထားရှိမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

## ဒုတိယဝန်ကြီး ဦးဝင်းရှိန် လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်း ဖွင့်လှစ်ပို့ချနေမှု ကြည့်ရှုအားပေး



**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ရန်ကုန်တိုင်းဒေသကြီးရှိ အလုပ်သမားရေးရာ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကင်းမြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကင်း)၌ လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်း အမှတ်စဉ်(၁/၂၀၂၅) ဖွင့်လှစ်ပို့ချနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးက သင်တန်းဆင်းများနှင့် လုပ်ငန်းခွင်ရှိ ကျွမ်းကျင်လုပ်သားများအနေဖြင့် မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှုစံ သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၏ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ရယူနိုင်ရန် ဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်ရန်လိုကြောင်း၊ သင်တန်းဆင်းများအတွက် သင့်တော်ကောင်းမွန်သောအလုပ်အကိုင်များ ရရှိစေရေး မြို့နယ်အလုပ်အကိုင်နှင့် အလုပ်သမား ရှာဖွေရေးရုံးများ၊ လုပ်ငန်းရှင်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်းမှ သင်တန်းသားများနှင့်တွေ့ဆုံ၍ သင်တန်းသားများအနေဖြင့် သင်ကြားပို့ချပေးသည့် စာပေပညာနှင့် လက်တွေ့သင်ခန်းစာများကို နာယူစိတ်ဖြင့် လေ့လာသင်ယူကြရန်နှင့် လက်တွေ့ လုပ်ငန်းခွင်များတွင် ထိရောက်စွာ ပြန်လည်အသုံးချလုပ်ကိုင်ကြရန်၊ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် နည်းပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပခုက္ကူမြို့နယ်၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ တုံ့ပြန်ကာကွယ်ဆေးတိုက်ကျွေး

**ပခုက္ကူ ဖေဖော်ဝါရီ ၂၀**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်းရှိ အသက် တစ်နှစ်နှင့်အထက်ပြည်သူ ၂၀၁၀ ကို ဖေဖော်ဝါရီ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ တုံ့ပြန်ကာကွယ်ဆေး (OCV) တိုက်ကျွေးသည်။

အဆိုပါကာကွယ်ဆေးတိုက်ကျွေးခြင်းကို ပခုက္ကူမြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာဝင်းသူရမြင့် ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခဲ့သော မြို့ပေါ်ရပ်ကွက်များနှင့်ကျေးရွာများရှိ အသက်တစ်နှစ်နှင့်အထက်ပြည်သူ ၂၀၁၀ အား ဖေဖော်ဝါရီ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် စုရပ်၁၀နေရာခွဲ၍ ကွင်းဆင်းတိုက်ကျွေးခဲ့ကြကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

## တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည့် မုန်တောင်ကျောင်းစာစစ်ဌာန မီးဘေးလုံခြုံရေးစစ်ဆေး

**မင်းဘူး ဖေဖော်ဝါရီ ၂၀**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ဖေဖော်ဝါရီ ၂၀ ရက်တွင် ခရိုင်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဦးဆောင်ပြီး ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုကျင်းပမည့် အခြေခံပညာအထက်တန်းကျောင်း(မုန်တောင်) ကျောင်း၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် လျှပ်စစ်မီးလိုင်းများ ကြံ့ခိုင်ကောင်းရေးနှင့် လျှပ်စစ်မိန်းခုံများရှိ မီးခလုတ်ဘရေကာများ ကြံ့ခိုင်ကောင်းမွန်ရေး၊ အသုံးပြု၍မရသော မီးကြိုး၊ မီးခလုတ်နှင့် လျှပ်စစ်ပစ္စည်းများ အသစ်လဲလှယ်တပ်ဆင်ထားရှိရေး၊ အရေးပေါ် မီးသတ်ဆေးဘူးများ အရန်သင့်ချိတ်ဆွဲထားရှိရေးနှင့် အသုံးပြု၍မရသော မီးသတ်ဆေးဘူးများ အသစ်လဲလှယ်ထားရှိရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **မောင်မောင်(မင်းဘူး)**



**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# ဓမ္မနှင့်အဓမ္မ ခွဲခြားသိမြင်နိုင်ပါမှ

စာဖတ်ပရိသတ်တစ်ဦး

**ကမ္ဘာ့နိုင်ငံ့ခေါင်းဆောင်များ၊ အထူးသဖြင့် အမေရိကန်နိုင်ငံရေးလောကမှ ခေါင်းဆောင်များနှင့် နိုင်ငံရေးသမားအများစုသည် ရွေးကောက်ပွဲအကြိုကာလများနှင့် အခမ်းအနားမိန့်ခွန်းများတွင် ရှေးရှေးက သမ္မတများ၊ ကမ္ဘာ့ခေါင်းဆောင်များ၏ ကမ္ဘာကျော် မိန့်ခွန်းကောက်နုတ်ချက်များကို ကိုးကား၍တစ်နည်း၊ လိုရင်းတိုရှင်း ထိမိသော၊ အားပါသောကြွေးကြော်သံများ၊ ဆောင်ပုဒ်များဖြင့်တစ်ဖုံ မဲဆန္ဒရှင်များ၊ ပြည်သူများ ရင်ထဲအသည်းထဲ စွဲထင်ကျန်ရစ်အောင် ပြောဆိုလေ့ရှိကြသည်-**

> ❖ **ယနေ့မျက်မှောက်ခေတ် မြန်မာ့နိုင်ငံရေး လောကတွင်လည်း လက်နက်ကိုင်အဖွဲ့အစည်း အချို့မှ ခေါင်းဆောင်ဆိုသူများက ဖက်ဒရယ်ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ တန်းတူညီမျှရေး၊ စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေး၊ ဘာသာရေး ညာအရေး စသည်ဖြင့် ခေါင်းစဉ်အမျိုးမျိုးတပ်၍ ပြောကြဆိုကြ၊ ကြေညာချက်ထုတ်ပြန်လျက်ရှိကြသည်။ အပေါ်စာပိုဒ်တွင် ငြိမ်းချမ်းရေးစကားကို ဖော်ပြ၍ နိဂုံးပိုင်းတွင် စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေးဟု အမြီးအမောက်မတည့် ဆိုကြသည်**
>
> ❖ **သမ္မတရီဂင်က တစ်ချိန်က ဆိုဗီယက်ပြည်ထောင်စုကို မကောင်းဆိုးဝါးအင်ပါယာကြီး (The Evil Empire)ဟူ၍လည်းကောင်း၊ သမ္မတ ဘုရှ်က မြောက်ကိုရီးယား၊ အီရတ်နှင့် အီရန်နိုင်ငံ တို့ကို မကောင်းဆိုးဝါးဝင်ရိုးတန်းသုံးနိုင်ငံ (Axis of Evil) ဟူ၍လည်းကောင်း ပုံဖော်နာမည်ပေးခဲ့သလို နိုင်ငံရေးသမားအမည်ခံ ပြည်ဖျက်များ၊ လှုပ်ရှားတက်ကြွသူများက လက်ရှိမြန်မာ့နိုင်ငံရေး အခြေအနေကို ဓမ္မနှင့် အဓမ္မ အဖြစ် ပုံဖော်လာကြသည်**

လက်ရှိအမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ **"Make America Great Again"**၊ **"America First"** ဟူသောဆောင်ပုဒ်များ၊ ကြွေးကြော်သံများနှင့် လက်ရှိပေါ်လစီသဘောထားများဆိုမှု ကမ္ဘာတစ်ခွင် ပွဲတင်ထပ်မျှ ရိုက်ခတ်လျက်ရှိပေသည်။ တစ်ချိန်က အမေရိကန်နိုင်ငံ၏ ၄၀ မြောက် ရီပတ်ဘလစ်ကင် သမ္မတဖြစ်သူ ရော်နယ်ရီဂင်၏ **"Together --- A New Beginning"** (အတူတကွအသစ်တစ်ဖန် စတင်ကြပါစို့)ဟူသည့် ကြွေးကြော်သံနှင့် အမေရိကန်နိုင်ငံ၏ ၄၇ ဦးမြောက် ဒီမိုကရက်တစ်သမ္မတဖြစ်သူ ဘာရက်အိုဘားမား၏ **"Change"** (အပြောင်းအလဲ) ဟူသည့် ကြွေးကြော်သံများကလည်း သူ့ခေတ်သူ့အခါက အလွန်ရေပန်းစားခဲ့သည်။

ထို့အတူ ရီဂင်က သမ္မတရာထူးလက်ခံသည့်အခမ်းအနားတွင် ဗြိတိသျှနန်းရင်းဝန် ဝင်စတန်ချာချီ၏ တစ်ခေတ်တစ်ခါက ထင်ရှားကျော်ကြားခဲ့သော **"မိမိ၏လူမျိုး၊ လူ့အဖွဲ့အစည်းကြီး ပြိုကွဲပျက်စီးမည့်အရေးကို ဦးစားပေးဆောင်ရွက်ရန် မိမိ ဤရာထူးကို လက်ခံရခြင်းမဟုတ်ပါကြောင်း"** ဟူသည့်စကားများကို ထုတ်နုတ်ကိုးကား၍ **"ကျွန်ုပ်တို့ ရင်ဆိုင်တွေ့ဆုံနေရတဲ့ပြဿနာအရေးကိစ္စတွေကို ကျွန်ုပ်တို့ဖြေရှင်းနိုင်ပါ့မလားလို့ မေးရရင် အဖြေကတော့ ရှင်းလင်းပြတ်သားတိကျသေချာတဲ့ 'ဟုတ်ကဲ့ ဖြေရှင်းနိုင်ပါတယ်ဆိုတာပါပဲ'၊** ဝင်စတန်ချာချီရဲ့စကားနဲ့ဆင်တူယိုးမှားသုံးနှုန်းပြောကြားရပါက ခုနလေးတင်က ကျွန်ုပ်တို့ကျိန်ဆိုခဲ့တဲ့ ကျမ်းသစ္စာဟာ ကမ္ဘာပေါ်မှာ အတောင့်တင်း အခိုင်မာဆုံးသော စီးပွားရေးစနစ်ကြီးကို ပြိုကွဲပျက်သုဉ်းစေရန် ဦးတည်ရည်သန် အကောင်အထည်ဖော်လုပ်ဆောင်ရန် ကျိန်ဆိုခဲ့ခြင်းမဟုတ်ပါဘူး"စသည်ဖြင့် ပြောကြားခဲ့ဖူးသည်။

**စကားပြောကောင်းသော နိုင်ငံရေးသမား**

စကားပြောကောင်းသော နိုင်ငံရေးသမားတစ်ဦးအဖြစ် သတ်မှတ်ထားသည့် သမ္မတ ဘာရက်အိုဘားမားကလည်း သမ္မတရာထူးလက်ခံသည့် အခမ်းအနားတွင် **"ဟောဒီနေ့မှာ ကျွန်တော်တို့ စုရုံးကြတဲ့ အကြောင်းရင်းကတော့ အကြောက်တရားအစား မျှော်လင့်ခြင်းကို ရွေးလိုက်ကြလို့ပါပဲ။ ပဋိပက္ခနဲ့ အစည်းပြေခြင်းအစား သန္နိဋ္ဌာန်နဲ့ စည်းလုံးခြင်းကို ရွေးချယ်လိုက်ကြတာကြောင့်ပါ။ ဟောဒီနေ့မှာ ရောက်လာကြတာဟာ နာကြည်းချက်လေးတွေနဲ့ ကတိအတုအယောင်တွေကို အဆုံးသတ်ရေး ကြွေးကြော်ဖို့ဖြစ်ပါတယ်။ အပြန်အလှန်စွပ်စွဲခြင်းနဲ့ ပွန်းပါးနေပြီဖြစ်တဲ့ တရားသေဝါဒတွေကို စွန့်ပယ်ဖို့ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ပျိုမျစ်တဲ့နိုင်ငံ ဖြစ်နေဆဲပါ။ ဒါပေမယ့် သမ္မာကျမ်းအရပြောရမယ်ဆိုရင် ကလေးဆန်တဲ့ကိစ္စတွေ ဘေးဖယ်ထားဖို့ အချိန်ရောက်နေပါပြီ။ ကျွန်တော်တို့ရဲ့သမိုင်းကြောင်း ပိုကောင်းအောင်ရွေးချယ်ဖို့ လူတိုင်း သာတူညီမျှရှိခွင့်၊ လူတိုင်းလွတ်လပ်ခွင့်နဲ့ ပြည့်ဝတဲ့ပျော်ရွှင်မှုကို လူတိုင်းရှာဖွေခွင့်ဆိုတဲ့ ဘုရားသခင်ရဲ့ ကတိတော်ဖြစ်တဲ့ ကျွန်တော်တို့ရထားတဲ့ အဲဒီအဖိုးတန်လက်ဆောင်နဲ့ မွန်မြတ်တဲ့စိတ်ကူးကို မျိုးဆက်အဆင့်ဆင့် လက်ဆင့်ကမ်းပေးဖို့ အချိန်ရောက်ပါပြီ"** စသည်ဖြင့် ပြောကြားခဲ့သည်။

ထို့အတူ အိုဘားမား၏ **"သမုဒ္ဒရာတွေမြင့်တက်လာပြီး ငတ်မွတ်ခေါင်းပါးမှု ကျယ်ပြန့်စွာကြုံတွေ့နေရပြီးတော့ ကြောက်စရာမုန်တိုင်းများက ဖျက်ဆီးနေတဲ့ကမ္ဘာမျိုး ကျွန်တော်တို့ရဲ့ကလေးတွေအတွက် ချန်မထားခဲ့ဖို့ ကျွန်တော်တို့သန္နိဋ္ဌာန်ချကြရမှာဖြစ်ပါတယ်"**ဟူသည့် **"စည်းလုံးသောကမ္ဘာ"** မိန့်ခွန်းနှင့် **"မျက်ရည်ပေါက်များစွာ ကျခဲ့ပြီးသလို သွေးပေါက်များစွာလည်း သွန်းခဲ့ပါပြီ။ အစ္စရေးနဲ့ ပါလက်စတိုင်းမိခင်တွေ သူတို့ရဲ့သားသမီးတွေ အကြောက်တရားကင်းကင်း ကြီးပြင်းလာစေမယ့်ရက်ကို ရောက်အောင်လုပ်ဖို့ ကျွန်တော်တို့အားလုံးမှာတာဝန်ရှိပါတယ်"** ဟူသည့် ကိုင်ရိုမိန့်ခွန်းတို့မှာလည်း ကမ္ဘာကျော်ခဲ့သည်။

အပြောနှင့်အလုပ် ညီ မညီ၊ ထပ်တူကျ မကျကိုမူ နိုင်ငံရေးလေ့လာသူများ၊ နိုင်ငံရေးကို စိတ်ပါဝင်စားသူများအနေဖြင့် ရီဂင်ခေတ်နှင့် အိုဘားမားခေတ်ကို လေ့လာချိန်ထိုး၊ ဆန်းစစ်ဝေဖန်သုံးသပ်ကြည့်လျှင် သိနိုင်ပေမည်။

**ဥဒါန်းကျူးရင့်တဲ့သဘော**

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကမူ "လွတ်လပ်သည့်အချုပ်အခြာအာဏာပိုင် မြန်မာနိုင်ငံတော်အတွက် ရေးဆွဲမည့်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ပတ်သက်သည့် လမ်းညွှန်ပြဋ္ဌာန်းချက်အဆို" ကို တိုင်းပြုပြည်ပြုလွှတ်တော်၌ တင်သွင်းစဉ်က **"ရာဇဝင်တွင် ထင်ရှားခဲ့သော မြန်မာနိုင်ငံတော်သည် ကမ္ဘာတွင် မိမိ၏ ဂုဏ်ကျက်သရေနှင့်လျော်ညီစွာ ရသင့်ရထိုက်သောအဆင့်အတန်းသို့ ရောက်ရှိစေရမည့်အပြင် လူသတ္တဝါတို့၏ တိုးတက်ရေးနှင့် ကောင်းကျိုးချမ်းသာရေးကိုသာ တာဝန်အလျောက်စေတနာအစွမ်းကုန် ဖြည့်စွမ်းထမ်းရွက်ကာ ပြည်ထောင်စုအချင်းချင်းဆိုင်ရာ တရားဓမ္မနှင့် ကျင့်ဝတ်သိက္ခာတို့ကို အခြေပြု၍ ကမ္ဘာ့ငြိမ်းချမ်းရေး ရေးရှုလျက် နိုင်ငံတကာနှင့် မိတ်ဝတ်မပျက် တွဲဖက်ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မြဲသောအဓိဋ္ဌာန်ဖြင့် စောင့်ထိန်းတော့အံ့"** ဟူသည့်အချက်နှင့် ပတ်သက်၍ **"ဒါကတော့ ဥဒါန်းကျူးရင့်တဲ့ သဘောမျိုးပါပဲ။ ငါတို့ နိုင်ငံတော်ကြီးဟာ ကမ္ဘာ့ရဲ့အလယ်မှာ လူသတ္တဝါတို့၏ ကောင်းကျိုးချမ်းသာကိုလုပ်မည်၊ ကမ္ဘာ့ငြိမ်းချမ်းရေးကို တည်ထောင်ပြီး အမြဲတမ်းစောင့်ထိန်းမည်ဆိုတဲ့ဟာပါပဲ။ ဒါကတော့ နိုင်ငံတကာတိုင်း ကြီးကြီးကျယ်ကျယ်ပြောတဲ့စကားတွေပဲ၊ တကယ်လုပ်သလားဆိုတော့ သိပ်မလုပ်ကြပါဘူး။ ဒါကတော့ ကျွန်တော်တို့လူများကြည့်ကောင်းအောင်၊ ကမ္ဘာကကြည့်ကောင်းအောင်လုပ်ရမယ်။ ဖတ်လိုက်ရလို့ရှိရင် ပါးစပ်ထဲမှာ ပြည့်သွားအောင် လုပ်ထားတာပဲ။ တောကလူတွေ ဖတ်လိုက်ရရင်တော့ ဘာမှုနားလည်မှာမဟုတ်ဘူး"**ဟူ၍ ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြောဆို သွားခဲ့သည်။

ယနေ့မျက်မှောက်ခေတ် မြန်မာ့နိုင်ငံရေး လောကတွင်လည်း လက်နက်ကိုင်အဖွဲ့အစည်း အချို့မှ ခေါင်းဆောင်ဆိုသူများက ဖက်ဒရယ် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ တန်းတူညီမျှရေး၊ စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေး၊ ဘာသာအရေး ညာအရေးစသည်ဖြင့် ခေါင်းစဉ်အမျိုးမျိုးတပ်၍ ပြောကြဆိုကြ၊ ကြေညာချက်ထုတ်ပြန်လျက်ရှိကြသည်။ အပေါ်စာပိုဒ်တွင် ငြိမ်းချမ်းရေးစကားကို ဖော်ပြ၍ နိဂုံးပိုင်းတွင်စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေးဟု အမြီးအမောက်မတည့် ဆိုကြသည်။

သမ္မတရီဂင်က တစ်ချိန်က ဆိုဗီယက်ပြည်ထောင်စုကို မကောင်းဆိုးဝါးအင်ပါယာကြီး (The Evil Empire)ဟူ၍လည်းကောင်း၊ သမ္မတ ဘုရှ်က မြောက်ကိုရီးယား၊ အီရတ်နှင့် အီရန်နိုင်ငံတို့ကို မကောင်းဆိုးဝါးဝင်ရိုးတန်းသုံးနိုင်ငံ(Axis of Evil)ဟူ၍လည်းကောင်း ပုံဖော်နာမည်ပေးခဲ့သလို နိုင်ငံရေးသမားအမည်ခံ ပြည်ဖျက်များ၊ လှုပ်ရှားတက်ကြွသူများက လက်ရှိ မြန်မာ့နိုင်ငံရေး အခြေအနေကို ဓမ္မနှင့် အဓမ္မအဖြစ် ပုံဖော်လာကြသည်။

**သုစရိုက်ဆယ်ပါး၊ ဒုစရိုက်ဆယ်ပါး**

လောကီရေးဆိုင်ရာကိစ္စရပ်များတွင် ဓမ္မနှင့် အဓမ္မကို တရားခြင်း၊ မတရားခြင်းဖြင့် ချိန်ထိုးဆုံးဖြတ်၍ သူ့ဘက် ကိုယ့်ဘက်၊ သူမှန်သည် ကိုယ်မှန်သည်ဟု လွန်ဆွဲရင်း ဓမ္မဝါဒီ၊ အဓမ္မဝါဒီ၊ ဓမ္မဘက်တော်သား၊ အဓမ္မဘက်တော်သားအဖြစ် ပုံဖော်သုံးနှုန်းပြောဆိုလေ့ရှိသော်လည်း လောကုတ္တရာနယ်ပယ်တွင် မြတ်စွာဘုရားရှင်က ဓမ္မနှင့်အဓမ္မကို သုစရိုက် ဆယ်ပါး၊ ဒုစရိုက်ဆယ်ပါးနှင့် ခွဲခြမ်းစိတ်ဖြာ၍ ဟောဖော်ညွှန်ပြ ဆိုဆုံးမခဲ့သည်။

သုစရိုက်ဆယ်ပါးမှာ (၁) သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ (၂) သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ (၃)သူ့သားမယားကိုလွန်ကျူးခြင်းမှ ရှောင်ကြဉ်ခြင်း၊ (၄) မဟုတ်မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ (၅) ကုန်းတိုက်စကား ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ (၆)ကြမ်းတမ်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ (၇) ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ (၈) သူ့စည်းစိမ်ကို ရှေးရှုမကြံခြင်း၊ (၉)သူတစ်ပါးကို ပျက်စီးစေလိုသောစိတ် မရှိခြင်း၊ (၁၀)မှန်ကန်သော အယူကိုယူခြင်း တို့ဖြစ်သည်။

ဒုစရိုက်ဆယ်ပါးမှာ (၁) သူ့အသက်ကို သတ်ခြင်း၊ (၂)သူ့ဥစ္စာကို ခိုးယူခြင်း၊ (၃)သူ့အိမ်ရာကိုပစ်မှားခြင်း၊ (၄)မဟုတ်မမှန် ပြောဆိုခြင်း၊ (၅)ကုန်းချောခြင်း၊ (၆) ကြမ်းတမ်းသောစကား ပြောဆိုခြင်း၊ (၇)အကျိုးမရှိသောစကားကို ဆိုခြင်း၊ (၈)သူတစ်ပါးစည်းစိမ်ကို ရှေးရှုကြံခြင်း၊ (၉)သူတစ်ပါး ပျက်စီးအောင်ကြံစည်တောင့်တခြင်း၊ (၁၀)မှားသော အယူကို ယူခြင်းတို့ဖြစ်သည်။ အချုပ်အားဖြင့် သုစရိုက်ဆယ်ပါးနှင့် ဒုစရိုက်ဆယ်ပါးတို့တွင် ကာယကံသုံးပါး၊ ဝစီကံလေးပါးနှင့် မနောကံသုံးပါး တို့ဖြစ်သည်။

**သဘာဝဥပဒေသ**

ထိုဓမ္မနှင့် အဓမ္မတို့သည် သဘာဝဥပဒေသတို့ ဖြစ်သည်။ မြတ်စွာဘုရားရှင်က သတ်မှတ်ခဲ့ခြင်း မဟုတ်။ ရှာဖွေတွေ့ရှိဖော်ထုတ်ခဲ့ခြင်းသာဖြစ်သည်။ ဗုဒ္ဓဘာသာဝင်များမှ မဟုတ်၊ ကမ္ဘာ့လူသားတိုင်းနှင့်သက်ဆိုင်သည့် သဘာဝဥပဒေသများသာ ဖြစ်သည်။ ဓမ္မကို လိုက်နာကျင့်သုံးသူကို ဓမ္မစာရီ၊ ဓမ္မကိုပစ်ပယ်၍ အဓမ္မတရားကျူးလွန်သူကို အဓမ္မစာရီအဖြစ် သုံးနှုန်းဖော်ပြထားသည်။

ထို့အတူ ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ။ ဓမ္မော- တရားသည်၊ ဓမ္မစာရိံ - တရားကို ကျင့်သောသူကို၊ ဟဝေ - စင်စစ်၊ ရက္ခတိ - စောင့်၏ဟူသည့်အတိုင်း **တရားစောင့်သူကို တရားကပြန်စောင့်သည်**ဟု ဗုဒ္ဓစာပေကျမ်းဂန်များတွင် ဖော်ပြထားသည်။ ပါမောက္ခချုပ် ဆရာတော်ကြီး ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသကလည်း သုစရိုက်ဆယ်ပါး၊ ဒုစရိုက် ဆယ်ပါးနှင့်စပ်လျဉ်း၍ **"ဓမ္မသည် ဓမ္မကို ကျင့်သုံးတဲ့ပုဂ္ဂိုလ်ကို လုံးဝစောင့်ရှောက်ပေးသည်"** ခေါင်းစဉ်ဖြင့် ဟောကြားတော်မူခဲ့ပါသည်။

ငါးရာ့ငါးဆယ်နိပါတ်တော်တွင်လည်း ဓမ္မနတ်သားနှင့် အဓမ္မနတ်သားတို့အကြောင်းကို ဖော်ပြရာတွင် ဘုရားလောင်းဓမ္မနတ်သားသည် ကောင်းကင်မှ နတ်ရထားဖြင့် လူအများ တရားစောင့်ရန်၊ ဒုစရိုက်ဆယ်ပါး အဓမ္မတရားများကို ရှောင်ကြဉ်ကြရန် နှိုးဆော်တိုက်တွန်းပေးလေ့ရှိသကဲ့သို့ ဒေဝဒတ်လောင်း အဓမ္မနတ်သားကလည်း ဓမ္မကို အဓမ္မ၊ အဓမ္မကိုဓမ္မအဖြစ် မဟုတ်မမှန်လီဆယ်၍ လူအများကို အဓမ္မတရားများ ကျူးလွန်မိစေရန် မြှောက်ပင့်တိုက်တွန်းလေ့ရှိသည်။

အခါတစ်ပါးတွင် ထိုဓမ္မနှင့် အဓမ္မနတ်သားတို့ ရထားချင်းဆုံ၍ သူဖယ်၊ ကိုယ်ဖယ် အငြင်းပွားရာမှ ဓမ္မနတ်သားက သည်းခံအလျှော့ပေး လမ်းဖယ်ပေးခဲ့ရာ အဓမ္မနတ်သားမှာ နတ်ရထားနှင့်အတူ ကောင်းကင်မှပြုတ်ကျပြီး ငရဲသို့လားခဲ့ကြောင်း မှတ်သားခဲ့ဖူးပါသည်။

သို့ဆိုလျှင် နိုင်ငံရေးကိုလေ့လာသူများ၊ စိတ်ပါဝင်စားကြသူများအနေဖြင့် နိုင်ငံရေးလောကမှ နိုင်ငံရေးသမားအချို့၏ မစားရဝခမန်းပြောဆိုနေမှုများ၊ ကိုယ်ကျိုးစီးပွားအပေါ် အခြေခံ၍ မလိုလျှင် မလိုသလို ပုံဖော်ဖန်တီးပြောဆိုမှုများအပေါ် အပြောနှင့်အလုပ် ညီ မညီ လေ့လာချိန်ထိုး ဝေဖန်စိစစ်ကြည့်နိုင်ရန်နှင့် မိမိကိုယ်တိုင်လည်း ဓမ္မဝါဒီလား၊ အဓမ္မဝါဒီလား၊ ဓမ္မကိုကျင့်သုံးသူ ဓမ္မစာရီလား၊ ဓမ္မကိုပစ်ပယ်ပြီး အဓမ္မကို ကျူးလွန်သူ အဓမ္မစာရီလားဟူသည်ကို သုံးသပ်အကဲဖြတ်ကြည့်နိုင်ရန် ရေးသားတင်ပြလိုက်ရပါသည်။ ။

# အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေများပေးအပ်



**ဘားအံ ဖေဖော်ဝါရီ ၂၀**

ကရင်ပြည်နယ်အတွင်း နေရာဒေသအချို့တွင် နယ်မြေတည်ငြိမ်အေးချမ်းမှုအားနည်းပြီး အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူအထူးဒေသသို့ ရောက်ရှိနေသော ယာယီနေရပ်စွန့်ခွာပြည်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေများ ပေးအပ်သည့်အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မြိုင်ကြီးငူ အေးလင်းသာယာ ကျောက်စာကွင်း၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက နေရပ်စွန့်ခွာပြည်သူများ၏ ကျန်းမာရေး၊ ပညာသင်ကြားရေး၊ အေးချမ်းစွာ နေထိုင်စားသောက်နိုင်ရေးအတွက် အမြဲသတိပြုကြည့်ရှုစောင့်ရှောက် ပေးလျက်ရှိပြီး ပြည်သူများ အနေဖြင့်လည်း နေထိုင်စဉ်ကာလအတွင်း ရင်းနှီးချစ်ခင်စွာနေထိုင်ကြရန်၊ သန့်ရှင်းသည့်သောက်သုံးရေ အသုံးပြုကြရန်၊ ကျန်းမာရေးဂရုစိုက်ကြရန်၊ အခက်အခဲရှိပါက အထက်ဌာနများ၊ နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့များသို့ ချက်ချင်းသတင်းပို့ကြရန် ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မြိုင်ကြီးငူအထူးဒေသသို့ ရောက်ရှိနေသော ယာယီနေရပ်စွန့်ခွာ အိမ်ထောင်စု ၂၈၉၄ စု၊ လူဦးရေ ၁၄၀၀၃ ဦးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၂၈၀၀ ဒသမ ၆ သိန်းကို လှိုင်းဘွဲ့မြို့နယ်အုပ်ချုပ်ရေးမှူးထံ ချီးမြှင့်ပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အခမ်းအနားသို့ တက်ရောက်လာသော နေရပ်စွန့်ခွာပြည်သူတစ်ဦးချင်းအား ထောက်ပံ့ငွေများ လက်ဝယ်အရောက် ပေးအပ်ကြသည်။

ယင်းနောက် နေရပ်စွန့်ခွာပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နေရပ်စွန့်ခွာပြည်သူများအား ရင်းနှီးနွေးထွေးစွာတွေ့ဆုံနှုတ်ဆက်၍ အားပေးစကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြိုင်ကြီးငူပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသူများအား တစ်ဦးချင်း မေးမြန်းအားပေးစကား ပြောကြားကာ အာဟာရဖြည့်စွက်အစားအစာများ ထောက်ပံ့ပေးအပ်၍ အဆိုပါဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဆရာဝန်၊ သူနာပြုနှင့် ကျန်းမာရေးဝန်ထမ်းများအား အထွေထွေအသုံးစရိတ်ငွေကျပ် သုံးသိန်းနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြိုင်ကြီးငူ စုံနံ့သာမြိုင်ဆွေမြို့တော် အခြေခံပညာအထက်တန်းကျောင်းတွင် အခြေခံပညာအလယ်တန်းနှင့် အထက်တန်း သင်ယူတတ်မြောက်မှု ဆန်းစစ်ခြင်း ကျောင်းတွင်းစာမေးပွဲဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## မြန်မာ့စားသောက်ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်(၂၀၂၅)သို့ တက်ရောက်ဆွေးနွေးခဲ့ကြသူများ၏ ဝမ်းသာပီတိစကားသံများ

# ပြည်တွင်းမှာရှိတဲ့ ထွက်ကုန်ပစ္စည်းတွေကို ကိုယ့်နိုင်ငံသားတွေ လုံလုံလောက်လောက် စားသောက်နိုင်အောင် ထုတ်လုပ်ရောင်းချခြင်း ဖြစ်ပါတယ်

*ဦးအောင်ရွှေ*

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

စားသောက်ကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုကောင်းမွန်သည့် စီးပွားရေးဝန်းကျင်တစ်ရပ်ဖြစ်ထွန်းလာစေရေး၊ စားသောက်ကုန်ထုတ်လုပ်ငန်း ကွင်းဆက်တစ်လျှောက် အရည်အသွေးပြည့်မီပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် စားသောက်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ပြည်တွင်းစားသုံးမှုဖူလုံစေပြီး သွင်းကုန်အစားထိုး ထုတ်လုပ်ကာ ပြည်ပဈေးကွက်သို့ ထိုးဖောက်တင်ပို့နိုင်ရေး၊ စားသောက်ကုန်လုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရန်အတွက် အစီအမံသစ်များဖော်ဆောင်ပေးနိုင်ရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းနှင့် ပတ်သက်သည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များတွင် ရှင်းလင်းလွယ်ကူစေရေးနှင့်နည်းစနစ်များ၊ စံချိန်စံညွှန်းများနှင့် သတင်းအချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေနိုင်ရေးဆိုသည့် ရည်ရွယ်ချက်များဖြင့် မြန်မာ့စားသောက်ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်(၂၀၂၅) ကို ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၀ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန- ၂ ၌ ကျင်းပခဲ့သည်။

အဆိုပါ ဖိုရမ်တွင် စားသောက်ကုန်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေခံလိုအပ်ချက်များကို စားသောက်ကုန်နှင့် ဆက်စပ်ဆောင်ရွက်လျက်ရှိသည့် အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် တာဝန်ရှိသူများက ဆွေးနွေးအဖြေရှာ ဆောင်ရွက်ခဲ့ကြရာ ၎င်းတို့နှင့် တွေ့ဆုံ၍ ဆွေးနွေးခြင်းရလဒ်မှတစ်ဆင့် မြန်မာ့စားသောက်ကုန်ကဏ္ဍ တိုးတက်မြင့်မားလာစေမည့်အခြေအနေများကိုတွေ့ဆုံမေးမြန်းဖော်ပြလိုက်ရပါသည်။



ဦးအောင်ရွှေ



ဦးရဲမြတ်ထူး



မအေးအေးဝင်း

**ဦးအောင်ရွှေ (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း)**

လက်ရှိကျင်းပခဲ့တဲ့ ဖိုရမ်ဟာ မဖြစ်မနေကျင်းပသင့်တဲ့ ဖိုရမ်တစ်ခုလို့မြင်မိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာနိုင်ငံမှာ နေထိုင်ကြသူတွေအတွက် အစားအစာတွေက သန့်ရှင်းလတ်ဆတ်ပြီး အာဟာရနဲ့ပြည့်စုံမှ နိုင်ငံသူ၊ နိုင်ငံသားအားလုံးဟာ ကျန်းမာမှာဖြစ်ပါတယ်။ ကျန်းမာမှ အလုပ်ကို ကောင်းမွန်စွာ ဆောင်ရွက်နိုင်ပါမယ်။ ဒါကြောင့် ဖိုရမ်ကို ကျင်းပသင့်တယ်လို့ ပြောခဲ့ခြင်းဖြစ်ပါတယ်။ နောက်တစ်ချက်က ကိုယ့်နိုင်ငံမှာ လယ်ယာစိုက်ပျိုးရေးနဲ့ ဥယျာဉ်၊ ခြံကထွက်တဲ့ အသီးအနှံတွေ အများကြီးရှိပါတယ်။ သား၊ ငါး ကဏ္ဍကထွက်တဲ့ အစားအသောက်တွေလည်း ရှိပါတယ်။ ဒီလိုပြည်တွင်းမှာရှိတဲ့ ထွက်ကုန်ပစ္စည်းတွေကို ကိုယ့်နိုင်ငံသားတွေ လုံလုံလောက်လောက် စားသောက်နိုင်အောင် ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါတယ်။ အဓိက ပြည်တွင်းကုန်ကြမ်းကို အသုံးပြုပြီး ကုန်ချောအဖြစ် ပြန်လည်ထုတ်လုပ်ခြင်းလည်း ဖြစ်ပါတယ်။ ကိုယ့်နိုင်ငံသားတွေ အာဟာရပြည့်ဝပြီး ဘေးအန္တရာယ်ကင်းရှင်းတဲ့ အစားအသောက်ကို စားနိုင်ဖို့ ဒီကဏ္ဍကအရေးကြီးဆုံးပါပဲ။

အခုဆို ဖိုရမ်ရဲ့ဆွေးနွေးပွဲမှာ အစိုးရဘက်ကလည်း ဆွေးနွေးတယ်။ လုပ်ငန်းရှင်တွေဘက်ကလည်း မိမိတို့လက်ရှိ ထုတ်လုပ်နေတဲ့ ကုန်ပစ္စည်းတွေအပေါ်မှာ ဆွေးနွေးကြတယ်။ လုပ်ငန်းရှင်တွေဘက်ကလည်း သူတို့ထုတ်လုပ်နေတဲ့ ကုန်ပစ္စည်းတွေကို နိုင်ငံ့ကိုယ်စားပြုပြီး ထုတ်လုပ်ချင်ကြတယ်။ သို့သော် ကြုံတွေ့နေရတဲ့ အခက်အခဲတွေရှိရင်လည်း ဒီဖိုရမ်ဆွေးနွေးပွဲတွေမှာ တင်ပြကြပါတယ်။ ဒီလို တင်ပြချက်တွေအပေါ်မှာ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး အကောင်းဆုံးနည်းလမ်းတွေနဲ့ နိုင်ငံကို အကျိုးရှိအောင် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဒီဖိုရမ်ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံ့အတွက် ကောင်းကျိုးတွေ အများကြီးဖြစ်လာမယ်လို့ယုံကြည်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ သယံဇာတပစ္စည်းတွေက အားလုံးသဘာဝပစ္စည်းတွေ ဖြစ်ပါတယ်။ ဘာမှပြောင်းလဲမှု မရှိပါဘူး။ ဒါကိုအကျိုးရှိရှိအသုံးပြုပြီး ပြည်သူလူထုတစ်ရပ်လုံး စားဝတ်နေရေး ပြေလည်အောင်လုပ်ပေးနိုင်မယ်။ နောက်ပြီး နယ်စပ်က တရားမဝင် ဝင်ရောက်လာမှုတွေကိုလည်း အခုလို ဖိုရမ်ကျင်းပခြင်းအားဖြင့် သိရှိပြီး တာဝန်ရှိသူတွေက စနစ်တကျ ထိန်းသိမ်းပေးမယ်ဆိုရင် ပြည်တွင်း ထုတ်လုပ်နေတဲ့ MSME စက်မှုလုပ်ငန်းတွေက ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုဖိုရမ် နောက်ထပ်အောင်မြင်စွာ ကျင်းပနိုင်ဖို့ အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

**ဦးရဲမြတ်ထူး (အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း)**

ဒီဖိုရမ်ကို တက်ရောက်ဖြစ်တဲ့အကြောင်းကတော့ မြန်မာ့စားသောက်ကုန်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍကို ဘယ်လိုအထောက်အကူပြုမလဲဆိုတဲ့ အတွေးနဲ့ လာရောက်ခြင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဖိုရမ်မှာ အစေ့အဆန်၊ အနှံနဲ့ပတ်သက်ပြီး ဆွေးနွေးခဲ့ပါတယ်။ ဒီပွဲကြီးပြီးသွားရင် ဆောင်ရွက်ရမယ့်အချက်တွေအများကြီးရှိပြီး ဆွေးနွေးမှုတွေကတစ်ဆင့် ရလဒ်တွေလည်း ထွက်ပေါ်လာမယ်လို့ ယုံကြည်ပါတယ်။ ဒီရလဒ်တွေထွက်လာရင်လည်း ဆက်လက်တိုးတက်အောင် ဆောင်ရွက်သွားရပါမယ်။ အခုလို ဖိုရမ်ကျင်းပပေးတဲ့အပေါ်မှာ ကျွန်တော့်အနေနဲ့ အလွန်ကိုအားရပါတယ်။ ဖိုရမ်မှာ ကဏ္ဍပေါင်းစုံ၊ ဌာနဆိုင်ရာပေါင်းစုံနဲ့ချိတ်ဆက်ဆောင်ရွက်နိုင်တာကို တွေ့ရပါတယ်။ ဒါကြောင့် ဒီလိုဖိုရမ်အပြင် တခြား စားသောက်ကုန်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားမှာလည်းဖြစ်ပါတယ်။

**မအေးအေးဝင်း(စားသောက်ကုန်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍအတွက် ပါဝင်ဆွေးနွေးသူ)**

ကျွန်မအနေနဲ့ကတော့ ဖိုရမ်မှာ ဟင်းသီးဟင်းရွက်ထုတ်ကုန်များကဏ္ဍအနေနဲ့ ပါဝင်ဆွေးနွေးခဲ့ပါတယ်။ ဒီဖိုရမ်ကြီးမှာ စားသောက်ကုန်ထုတ်လုပ်တဲ့သူတွေ၊ စားသုံးသူတွေအထိ အသိပညာပေးရေးကိစ္စရပ်တွေ၊ နောက်ပြီး မြန်မာနိုင်ငံရဲ့စားသောက်ကုန်ကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကြုံတွေ့နေရတဲ့ အခက်အခဲတွေ၊ အားသာချက်တွေ၊ စိန်ခေါ်မှုတွေ၊ တိုးချဲ့နိုင်မယ့်ဈေးကွက်တွေကို အပြန်အလှန်ဖလှယ်ခွင့်ရပြီး နိုင်ငံတော်အဆင့်အထိ တင်ပြခွင့်ရခဲ့တာဖြစ်တဲ့အတွက် ကျွန်မတို့ စားသောက်ကုန်ကဏ္ဍအတွက် များစွာတိုးတက်လာပြီး အခွင့်အလမ်းတွေများစွာရရှိလာမယ်လို့လည်း မြင်မိပါတယ်။ ပြပွဲမှာဆိုရင်လည်း လုပ်ငန်းရှင်တွေအကြား အပြန်အလှန်ချိတ်ဆက်မှုတွေ ရရှိခဲ့ပါတယ်။ နောက်ပြီး ဖြစ်ပေါ်နေတဲ့ အခက်အခဲတွေ၊ ရရှိနိုင်မယ့်မျိုးစေ့တွေ၊ နိုင်ငံအတွက် တစ်နေရာတည်းမှာ အရည်အသွေးကောင်းမွန်တဲ့ ကုန်ကြမ်းတွေ၊ စားသုံးသူတွေအတွက် ဘေးအန္တရာယ်ကင်းရှင်းတဲ့ အစားအသောက်တွေ ဖြစ်ပေါ်ဖို့ ဆောင်ရွက်နိုင်ခဲ့တဲ့ ဖိုရမ်တစ်ခုလည်း ဖြစ်ပါတယ်။ ဒီဖိုရမ်ကြောင့် မြန်မာ့ဈေးကွက်အပြင် ကမ္ဘာ့ဈေးကွက်တွေအထိပါ တင်ပို့မှုတွေ ပိုမိုတိုးတက်လာနိုင်မယ်လို့လည်း မျှော်လင့်မိပါတယ်။

**တွေ့ဆုံမေးမြန်း - အောင်ရဲသွင်၊ အေးအေးသန့်**
**ဓာတ်ပုံ - ကိုအေးသန်း**

# အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂၀** အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီ (NAQAC) စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေးနှင့်ဆက်စပ်ဝန်ကြီးဌာန ကိုးခုမှ ကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက NAQAC သည် မြန်မာနိုင်ငံရှိ တက္ကသိုလ်များနှင့် ဘာသာရပ်သင်တန်းများ၏ သင်ကြားသင်ယူမှု အရည်အသွေး၊ ပညာတတ်များ မွေးထုတ်ရေး၊ ဘွဲ့ရပညာတတ် အရည်အသွေးနှင့် သုတေသန စွမ်းဆောင်ရည် မြင့်မားရေးအတွက် အရည်အသွေးအာမခံမှုကို ကွပ်ကဲထိန်းကျောင်းပေးရသည့် အဖွဲ့အစည်းဖြစ်သဖြင့် အမြဲ ရှင်သန်ထက်မြက်နေရန် လိုအပ်ပါကြောင်း၊ အာဆီယံတက္ကသိုလ်များကွန်ရက် အရည်အသွေးအာမခံမှုစနစ် (AUN-QA) အကဲဖြတ်မှု လမ်းညွှန်စာအုပ်ကို ပြုစုဖြန့်ဝေနိုင်ခဲ့ပြီး ဆက်လက်၍ NAQAC ၏ အမျိုးသားပညာရေးအဆင့်အတန်း အကဲဖြတ်မှုလုပ်ငန်းစဉ် (NAQAC Accreditation Process) ဆိုင်ရာ မူဝါဒများ သတ်မှတ်အတည်ပြုကာ NAQAC ၏ စိစ်ဆေးအကဲဖြတ်မှုလက်စွဲ (NAQAC Assessment Manual ) ကို ပြုစု၍ သင်တန်းပေးလေ့ကျင့်နိုင်ရေး ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီ အတွင်းရေးမှူး ဒေါက်တာကြည်ရှင်က NAQAC က ဆောင်ရွက်ပြီးစီးသော လုပ်ငန်းများကို တင်ပြရှင်းလင်းပြီး တက်ရောက် လာကြသူများက ASEAN Qualifications Reference Framework Committee နှင့် ဆက်စပ်လုပ်ငန်းများ၊ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၁၀ ထပ်မံထိန်းသိမ်းနိုင်ခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၂၀** ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့- ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသူများကို စစ်ဆေးဖော်ထုတ်လျက်ရှိရာ ယနေ့တွင် ပြည်ပနိုင်ငံသား ၂၁၀ ကို ထပ်မံထိန်းသိမ်းနိုင်ခဲ့သည်။






အဆိုပါ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် နေ့ချင်းပြီး ဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၂၀ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်းဦးရေ ၁၇၆၃ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၂၆၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၅၀၂ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းထားရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**


# တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့တွင် အချိန်အခါမဟုတ် မိုးရွာခြင်းများဖြစ်ပေါ်နိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀** ယနေ့ညနေ ၄ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသောလေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၇ ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

၂၄-၂-၂၀၂၅ ရက်နေ့မှ ၂၇-၂-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသသင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




၂၄-၂-၂၀၂၅ ရက်နေ့မှ ၂၇-၂-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသသင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ





သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

**❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသားများအား ပြန်လည်လွှဲပြောင်းပေးအပ်စဉ်။



မြန်မာ-ထိုင်း-တရုတ် နိုင်ငံတို့မှ တာဝန်ရှိသူများ ထိုင်းနိုင်ငံ မဲဆောက်လေဆိပ်၌ တွေ့ဆုံစဉ်။

❍ *ကျောဖုံးမှ*

လုပ်ဆောင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၀၀ ကို လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ယနေ့တွင် ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ လွှဲပြောင်းပေးအပ်ပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယ ရဲချုပ် ရဲဗိုလ်ချုပ် တင်ကိုကို၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning၊ ထိုင်းနိုင်ငံ တာ့ခ် ပြည်နယ် ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး Mr.Narongchai Jindaphan နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံ ပြည်နှင့်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ကြသည်။

ယနေ့ လွှဲပြောင်းပေးခဲ့သည့် တရုတ်နိုင်ငံသားများကို ထိုင်းနိုင်ငံ မဲဆောက်လေဆိပ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဆက်လက်ပို့ဆောင်ရာ ထိုင်းနိုင်ငံ ဒုတိယ ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး H.E. Mr. Phumtham Wechayachai၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး H.E. Mr. Liu Zhong Yi နှင့် မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံခြားသားများအား ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူ ပြည်နှင်လွှဲပြောင်းမှု ကြီးကြပ်ရေးဗဟိုကော်မတီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်ကျော်ကျော်တို့သည် စနစ်တကျဖြစ်စေရေး ကြပ်မတ်ကြည့်ရှုကြပြီး မီဒီယာများနှင့် တွေ့ဆုံကာ လွှဲပြောင်းလက်ခံရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံ ဒုတိယ ဝန်ကြီးချုပ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီးနှင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့သည် မဲဆောက်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ တွေ့ဆုံပြီး သုံးနိုင်ငံ ကြိုတင်ညှိနှိုင်းဆွေးနွေးမှုများကြောင့်ပထမအကြိမ် တရုတ်နိုင်ငံသား ၂၀၀ ကို အချိန်တိုအတွင်း လွှဲပြောင်းနိုင်မှု အခြေအနေ၊ တတိယနိုင်ငံသားများ ပြန်လည်လွှဲပြောင်းနိုင်ရေး သက်ဆိုင်ရာသံရုံးများမှ လာရောက်ခေါ်ဆောင်နိုင်ရန် ထိုင်းနိုင်ငံမှ ပူးပေါင်း ဆောင်ရွက်သွားမည့် အခြေအနေနှင့် သုံးနိုင်ငံအကြား လုပ်ငန်းစနစ်ထူထောင်မည့် ကိစ္စနှင့်စပ်လျဉ်းသည့် အစည်းအဝေး ကျင်းပနိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ယနေ့ လွှဲပြောင်းပေးအပ်ခဲ့သည့် တရုတ်နိုင်ငံသားများ၏ ဖွင့်ဟဝန်ခံချက်များအရ အများစုသည် တရုတ်နိုင်ငံမှ ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့လည်းကောင်း၊ ထိုမှတစ်ဆင့် မြန်မာ – ထိုင်း နယ်စပ်မြို့ဖြစ်သည့် မဲဆောက်မြို့သို့ ကနဦး ရောက်ရှိကြပြီး အွန်လိုင်းလိမ်လည်မှု လုပ်ငန်း (Telecom Fraud) ကိုယ်စားလှယ်များက ထိုင်း – မြန်မာ နယ်စပ်ရှိ သောင်ရင်းမြစ်အား တရားမဝင်ဖြတ်ကျော်ခေါ်ဆောင်ကာ မြဝတီ–KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများတွင် ပါဝင်လုပ်ဆောင်ရန် စေခိုင်းခြင်းခံခဲ့ရခြင်းဖြစ်ကြောင်း သိရှိရသည်။



တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသားများအား မဲဆောက်လေဆိပ်၌ တရုတ်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်စဉ်။

အဆိုပါ ရွှေကိုက္ကလ်နယ်မြေအတွင်း၌ လက်နက်ကိုင်အဖွဲ့အချို့လှုပ်ရှားနေထိုင်လျက်ရှိပြီး တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရာတွင် အခက်အခဲ၊ ကန့်သတ်ချက်များရှိခြင်းကို အခွင့်ကောင်းရယူကာ ကိုယ်ကျိုးစီးပွားရှာသူများက အွန်လိုင်းလောင်းကစားမှုများအပါအဝင် ဒုစရိုက်မှုများကို ကျူးလွန်နေကြခြင်းဖြစ်ကြောင်းနှင့် အွန်လိုင်းလိမ်လည်မှုများ၏ အခြေခံလိုအပ်ချက်များကို တစ်ဖက်နိုင်ငံမှတစ်ဆင့် ရယူခဲ့ကြခြင်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုအများစုကို ပြည်ပအဖွဲ့အစည်းများမှ လာရောက် ရင်းနှီးမြှုပ်နှံထားခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ဖေဖော်ဝါရီ ၂၀ ရက်က ပြင်ဦးလွင်မြို့နယ်အတွင်းရှိ စာစစ်ဌာနများဖြစ်သော အထက(၁)၊ အထက(၂)၊ အထက(၃)၊ အထက(၄)၊ အထက(၅) စာသင်ကျောင်းများအား မြို့နယ်မီးသတ်ဦးစီးမှူး ဦးငြိမ်းချမ်းအောင် ဦးဆောင်သော တပ်ဖွဲ့ဝင်များ စာမေးပွဲဖြေဆိုစဉ်အတွင်း မီးလောင်မီးလန့်မှုများ မဖြစ်ပေါ်စေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ်။ မောင်မွေး



## (၃၁)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆဋ္ဌမနေ့ဆက်လက်ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

နှစ်(၈၀) ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် (၃၁)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ (ခ) အဆင့်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ဆက်လက်ကျင်းပသည်။



ပြိုင်ပွဲတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၂)စစ်တီးဝိုင်းအသင်းနှင့် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ စစ်တီးဝိုင်းပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီမှ တာဝန်ရှိသူများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တောင်ကိုရီးယားနှင့် အမေရိကန်ပူးတွဲလေကြောင်းလေ့ကျင့်မှုပြုလုပ်

**ဆိုးလ် ဖေဖော်ဝါရီ ၂၀**
တောင်ကိုရီးယားနှင့် အမေရိကန်တို့ပူးပေါင်း၍ ကိုရီးယားကျွန်းဆွယ်ဝေဟင်၌ ပူးတွဲလေကြောင်း လေ့ကျင့်မှုများ ဖေဖော်ဝါရီ ၂၀ ရက်တွင် ပြုလုပ်ခဲ့သည်။

အဆိုပါ လေကြောင်းလေ့ကျင့်မှုတွင် အမေရိကန် ဘီ-၁ဘီ ဗုံးကြဲလေယာဉ်တစ်စင်း အနည်းဆုံးပါဝင်ခဲ့သည်။

တောင်ကိုရီးယားနှင့် အမေရိကန်တိုက်လေယာဉ်များလည်း ပါဝင်မည်ဖြစ်ကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။

ဒေါ်နယ်ထရမ့် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် အမေရိကန်သမ္မတအဖြစ် အိမ်ဖြူတော်သို့ ရောက်ရှိချိန်မှစကာ ယခုလိုနှစ်နိုင်ငံ ပူးတွဲလေကြောင်း လေ့ကျင့်ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်သည်။

ယခုလို ပူးတွဲလေ့ကျင့်ခြင်းသည် အမေရိကန်၏ စစ်ရေးစွမ်းပကားကို ပြသလိုက်ခြင်းဖြစ်သကဲ့သို့ တောင်ကိုရီးယားနှင့် အမေရိကန်ပူးပေါင်းတပ်ဖွဲ့များ၏ အပြန်အလှန်ပေါင်းစပ်လုပ်ကိုင်နိုင်ခြင်းကို ပြသခြင်းလည်းဖြစ်သည်။

လက်နက်အပြည့်အစုံ တပ်ဆင်ထားသော အမေရိကန် ဘီ-၁ဘီ ဗုံးကြဲလေယာဉ်များသည် ဂူအမ်းအခြေစိုက်စခန်းမှ ပျံသန်းထွက်ခွာပြီး ၂ နာရီမပြည့်မီ ကိုရီးယားကျွန်းဆွယ်သို့ ရောက်ရှိလာခဲ့ကြောင်း တောင်ကိုရီးယားမီဒီယာတွင် ဖော်ပြထားသည်။

အနီးကပ် ပူးပေါင်းဆောင်ရွက်မှုများကြား နှစ်နိုင်ငံပူးပေါင်းတပ်ဖွဲ့များသည် ၎င်းတို့၏စွမ်းရည်များကို အကောင်းဆုံးပြသနိုင်ခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ**




## ဘိုလီးဘီးယားနိုင်ငံ၌ ရေကြီးနစ်မြုပ်မှုကြောင့် သေဆုံးသူ ၃၀ အထိ တိုးလာ

**လာပက်ဒ် ဖေဖော်ဝါရီ ၂၀**
ဘိုလီးဘီးယားနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးနစ်မြုပ်မှုကြောင့် သေဆုံးသူ ၃၀ အထိ တိုးလာကြောင်း၊ ပျောက်ဆုံးနေသူ ငါးဦးရှိပြီး မိသားစု ၁၂၆၀၀၀ ကျော် ထိခိုက်ခံစားခဲ့ရကြောင်း အရပ်ဘက်ကာကွယ်ရေး ဒုတိယဝန်ကြီး ဟွမ်ကားလို့စ် ကယ်ဗီမွန်တပ်စ်က ဖေဖော်ဝါရီ ၁၉ ရက်တွင် ပြောကြားသည်။

**မိသားစု ၁၀၀၀၀ ကျော် ထိခိုက်**

ပြီးခဲ့သည့် ရက်သတ္တပတ်တစ်ခုတည်းတွင် ရေကြီးနစ်မြုပ်မှုနှင့် မြေပြိုမှုများကြောင့် မိသားစု ၁၀၀၀၀ ကျော် ထိခိုက်ခံစားရပြီး နောက်ထပ်နှစ်ဦး သေဆုံးသဖြင့် သေဆုံးသူ စုစုပေါင်း ၂၈ ဦးမှ ၃၀ အထိ တိုးလာကြောင်း သိရသည်။

ရေဘေးသင့်သည့် မိသားစုမှာလည်း ၁၁၆၂၀၇ စုမှ ၁၂၆၂၃၆ စုအထိ တိုးလာကြောင်း သိရသည်။

**နေအိမ် ၁၀၀၄ လုံး ပျက်စီး**

ဘိုလီးဘီးယားနိုင်ငံ၌ ၂၀၂၄ ခုနှစ် နိုဝင်ဘာလမှစကာ လုံး၀ ပျက်စီးသွားသည့် နေအိမ် ၃၅၀ အပါအဝင် နေအိမ် ၁၀၀၄ လုံး ပျက်စီးခဲ့ကြောင်း သိရသည်။

ဘိုလီးဘီးယားနိုင်ငံ၏ လက်ရှိရာသီဥတုအခြေအနေမှာ အလွန်ပြင်းထန်ကြောင်း အမျိုးသားမိုးလေဝသနှင့် ဇလဗေဒဌာနက ပြောကြားသည်။

**ဆင်ဟွာ**



ဘိုလီးဘီးယားနိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးနေမှုကို ဖေဖော်ဝါရီ ၁၉ ရက်က တွေ့ရစဉ်။

## နိုင်ငံအတွက် လေယာဉ်မှူး ၂၀၀၀၀ ခန့် လိုအပ်မည်ဟု အိန္ဒိယလေကြောင်းဝန်ကြီးပြော

**နယူးဒေလီ ဖေဖော်ဝါရီ ၂၀**
အိန္ဒိယနိုင်ငံ၌ လာမည့် အနာဂတ်တွင် လေကြောင်းခရီးသွားလာမှု မြင့်မားလာသည်နှင့်အမျှ လေယာဉ်မှူး ၂၀၀၀၀ ခန့်လိုအပ်မည်ဟု အိန္ဒိယလေကြောင်းဝန်ကြီး ရမ်မိုဟာမ်နိုင်ဒူက ဖေဖော်ဝါရီ ၂၀ ရက်တွင် ပြောသည်။

လေယာဉ်မှူးများအတွက် အီလက်ထရွန်နစ်လိုင်စင်ပေးအပ်သည့် အခမ်းအနားတွင် လေကြောင်းဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံ၏ အရပ်ဘက်လေကြောင်းကဏ္ဍ လုံခြုံရေး၊ ဘေးကင်းရေးနှင့် ထိရောက်မှုတို့အတွက် မြှင့်တင်ရန် ခြေလှမ်းတစ်ခုပင်ဖြစ်သည်။

အီလက်ထရွန်နစ်လိုင်စင်သည် ဒစ်ဂျစ်တယ်ဗားရှင်းဖြစ်ပြီး ရှေးရိုးစဉ်လာလိုင်စင်များနေရာတွင် အစားထိုးသွားမည်ဖြစ်သည်။

ဆင်ဟွာ

## သီရိလင်္ကာ၌ ဆင်အုပ်ကို ရထားဝင်တိုက် တောဆင်ရိုင်း ခြောက်ကောင် သေဆုံး

**ကိုလံဘို ဖေဖော်ဝါရီ ၂၀**
သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့မှ ဘတ်တီကာလိုအာမြို့သို့ ပြေးဆွဲသည့် ရထားတစ်စင်းသည် ဖေဖော်ဝါရီ ၂၀ က တောဆင်ရိုင်းတစ်အုပ်နှင့်တိုက်မိရာ ဆင်ရိုင်းခြောက်ကောင်သေဆုံးပြီး နှစ်ကောင်ဒဏ်ရာရရှိသွားသည်ဟု ရဲဌာနက ပြောသည်။

ဂယ်အိုရာ ဘူတာရုံအနီးတွင် တောဆင်ရိုင်းအုပ်နှင့် ရထားတိုက်မိမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါဖြစ်ရပ်ကြောင့် ရထားလမ်းချော်ခဲ့သော်လည်း ခရီးသည်တစ်ဦးမျှ ဒဏ်ရာရရှိခြင်းမရှိဟု ရဲက ပြောသည်။

လွန်ခဲ့သည့်နှစ် အောက်တိုဘာလကလည်း အလားတူဖြစ်ရပ်မျိုးဖြစ်ပွားခဲ့ရာ ဆင်နှစ်ကောင်သေဆုံးပြီး ဆင်အချို့ ဒဏ်ရာရရှိခဲ့သည်။ **ဆင်ဟွာ**

## ပါလက်စတိုင်း လုံခြုံရေးအာဏာပိုင်အဖွဲ့ထံ ပေးအပ်သည့်ရန်ပုံငွေများ အမေရိကန်ရပ်ဆိုင်း

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၀**
ပါလက်စတိုင်း လုံခြုံရေးအာဏာပိုင်အဖွဲ့သို့ ပေးအပ်သည့် ရန်ပုံငွေများအားလုံးကို အမေရိကန်က ရပ်တန့်လိုက်ကြောင်း ဝါရှင်တန်ပို့စ်သတင်းစာတွင် ဖေဖော်ဝါရီ ၁၉ ရက်က ဖော်ပြထားသည်။

**ရန်ပုံငွေများ ဆက်လက်ပေးခဲ့**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ သမ္မတ ပထမသက်တမ်းအတွင်း အမေရိကန်သည် ပါလက်စတိုင်းလုံခြုံရေးအာဏာပိုင်အဖွဲ့ထံပေးအပ်သည့် တိုက်ရိုက်အကူအညီကို ရပ်တန့်ခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြုပြင်ပြောင်းလဲရေးနှင့် လေ့ကျင့်မှုတို့အတွက် ရန်ပုံငွေများ ဆက်လက်ပေးခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့၏ အဓိကအခန်းကဏ္ဍမှာ ဂါဇာကမ်းမြောင်ဒေသနှင့် အနောက်ဘက်ကမ်းတွင် တရားဥပဒေစိုးမိုးရေး ထိန်းသိမ်းနိုင်မှုအတွက် ပါလက်စတိုင်းအာဏာပိုင်အဖွဲ့၏ စွမ်းဆောင်ရည်အတွက် အသက်သွေးကြောပင်ဖြစ်သည်။

**အဓိကအလှူရှင်ဖြစ်**

ပါလက်စတိုင်းလုံခြုံရေးအာဏာပိုင်အဖွဲ့၏ အဓိကစီမံကိန်းလုပ်ငန်းများအတွက် အမေရိကန်သည် အဓိကအလှူရှင်ဖြစ်သည်ဟု သတ်မှတ်နိုင်ကြောင်း ဝါရှင်တန်ပို့စ်သတင်းစာသို့ ပါလက်စတိုင်း လုံခြုံရေးအာဏာပိုင်အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ အန်ဝါရာဂျက်က ပြောသည်။ **ဆင်ဟွာ**

## ဆီးရီးယားနိုင်ငံအနောက်မြောက်ပိုင်းရှိ အိမ်တစ်လုံး၌ ပေါက်ကွဲမှုဖြစ်ပွားရာ ငါးဦးထက်မနည်းသေဆုံး

**ဒမတ်စကတ် ဖေဖော်ဝါရီ ၂၀**
ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်း အက်ဒ်လက်ပြည်နယ် အယ်နေရက်ဘ်မြို့ရှိ အိမ်တစ်လုံး၌ ဖေဖော်ဝါရီ ၂၀ ရက်တွင် ပေါက်ကွဲမှုဖြစ်ပွားရာ ငါးဦးထက်မနည်း သေဆုံးကြောင်း ဆီးရီးယားနိုင်ငံပိုင်ရုပ်သံ အယ်အက်ခ်ဘာရီယာက ထုတ်ပြန်ထားသည်။

ကနဦးသတင်းများအရ ပေါက်ကွဲမှုကြောင့် အမျိုးသမီးတစ်ဦးနှင့် ကလေးတစ်ဦးအပါအဝင် အရပ်သားသုံးဦး သေဆုံးပြီး အခြားကလေးတစ်ဦး ဒဏ်ရာရရှိကြောင်း၊ ထိခိုက်သေဆုံးသူအားလုံးမှာ မိသားစုတစ်စုတည်းမှဖြစ်နိုင်ကြောင်း၊ ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများအောက်တွင် ပိတ်မိနေသည့် ပျောက်ဆုံးသူများကို ကယ်ဆယ်ရေးအဖွဲ့များက ဆက်လက်ရှာဖွေနေဆဲဖြစ်ကြောင်း အဆိုပါရုပ်သံတွင် ဖော်ပြထားသည်။

လက်ကျန် စစ်လက်နက်ပစ္စည်းကြောင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး သေဆုံးသူ စုစုပေါင်း ခုနစ်ဦးအထိရှိလာပြီဖြစ်ကြောင်း ဗြိတိန်အခြေစိုက် လူ့အခွင့်အရေးဆိုင်ရာ ဆီးရီးယားစစ်ပွဲ လေ့လာစောင့်ကြည့်ရေးအဖွဲ့က ထုတ်ပြန်ထားသည်။

**ဆင်ဟွာ**

## ဘရာဇီးနိုင်ငံ ဆော်ပိုလိုပြည်နယ်၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုအတွက် အရေးပေါ်အခြေအနေအဖြစ် ကြေညာ

**ဆော်ပိုလို ဖေဖော်ဝါရီ ၂၀**
ဘရာဇီးနိုင်ငံ ဆော်ပိုလိုပြည်နယ်၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုများကြောင့် ဖေဖော်ဝါရီ ၁၉ ရက်တွင် ကျန်းမာရေးအရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့သည်။ အာဏာပိုင်များအနေဖြင့် ငွေကြေးနှင့် ဆေးဘက်ဆိုင်ရာတုံ့ပြန်မှုများ တိုးမြှင့်လုပ်ဆောင်ရန် ခွင့်ပြုပေးခဲ့သည်။

ဆော်ပိုလိုသည် ဘရာဇီးနိုင်ငံ၏ လူဦးရေအထူထပ်ဆုံးပြည်နယ်ဖြစ်ပြီး လူပေါင်း ၄၆ သန်း နေထိုင်ကြသည်။ တိုင်းပြည်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု၏ ၅၈ ရာခိုင်နှုန်းမှာ ဆော်ပိုလိုပြည်နယ်မှဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ပြည်နယ်အတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၁၂၄၀၃၈ ဦးရှိပြီး သေဆုံးသူ ၁၁၃ ဦး ရှိသည်ဟု သိရသည်။ **ဆင်ဟွာ**

# တရားမဝင်သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၁၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် စစ်ကိုင်းမြို့ ကံတလူ ပူးပေါင်းစစ်ဆေးရေးဂိတ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်လေးစီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၁၇၄၈၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Man Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၀၀၀၀၀၀) ကိုလည်းကောင်း၊ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ မြစ်ကြီးနားမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၆ မျိုး လုပ်ငန်းသုံးပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၈၃၀၄၄၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Ipsum တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀၀) ကိုလည်းကောင်း၊ ကျွဲတပ်ဆုံစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၃၂ မျိုး၊ လူသုံးကုန်ပစ္စည်း ၁၂ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၆၆၅၁၇၅) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး၊ King Long Bus တစ်စီး၊ Hino Profia Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၈၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၁၄၄၃၇၅ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် သရက်ပင်ချောင်ကျေးရွာ၌ တရားမဝင် စက်သုံးဆီဒီဇယ်ဆီ ၉၆ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၈၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မအူပင်မြို့နယ်နှင့် ဝါးခယ်မမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀) ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ ပုသိမ်မြို့နယ် သစ်ပုတ်ကုန်းကျေးရွာ၌ တရားမဝင် အခြားသစ် ၃ ဒသမ ၀၄၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၃၂၇၈) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၃၂၇၈ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သထုံမြို့ စိုက်ပျိုးရေးသိပ္ပံ(သထုံ)ကျောင်းအနီး၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာခြောက်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၈၀၂၈၉၃) ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၆၀၀၀၀၀) ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာသုံးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၉၁၅၀၀၀) ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ Bonded Warehouse အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၄၀၄၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၄၇၂၁၈၉၃ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၁၉ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၈ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၂၈၄၇၅၄၆) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက် ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## ဆီဆိုင်မြို့နယ်၌ ဘိန်းစိုက်ခင်းများ ဆက်လက်ဖျက်ဆီး

**ဆီဆိုင် ဖေဖော်ဝါရီ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ပါလောပါကယ်ကျေးရွာအုပ်စု လွယ်ဆံဆစ်ကျေးရွာရှိ ဘိန်းစိုက်ခင်းများကို ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက သွားရောက်ဖျက်ဆီးခဲ့ကြကြောင်း သိရသည်။

ထိုသို့ဖျက်ဆီးရာတွင် ဆီဆိုင်မြို့နယ် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဝင်းဇော်ဦးနှင့် တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်နယ်မှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်သစ်တောဦးစီးဌာန၊ မြို့နယ် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပါဝင်သော ဘိန်းစိုက်ခင်း ဖျက်ဆီးရေးအဖွဲ့က လွယ်ဆံဆစ်ကျေးရွာ၏ အရှေ့ဘက်တစ်မိုင်ခန့်အကွာတွင် အမြင့်သုံးပေခန့်ရှိ သီးပွင့်ဆဲရေသွင်းဘိန်းစိုက်ခင်း ၁၄ ဧကကို သွားရောက်ဖျက်ဆီးခဲ့ကြကြောင်း သိရသည်။



ဆီဆိုင်မြို့နယ်တွင် ဘိန်းစိုက်ခင်းများအား ဘိန်းစိုက်ခင်းဖျက်ဆီးရေးအဖွဲ့က သွားရောက်ဖျက်ဆီးရာမှာ ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၉ ရက်အထိ ဘိန်းစိုက်ခင်း ၆၅ ဧကကို ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



ရွှေဘိုခရိုင် မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူး ဦးအေးမြင့် ဦးဆောင်၍ တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်မှုများကို အကျဉ်းဦးစီးဌာန၌ ဖေဖော်ဝါရီ ၁၉ ရက်က ပြုလုပ်စဉ်။ ခရိုင်(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် သိရီဟေမာအနောက်ရပ်ကွက် အကွက် ၂၃၄၊ ၂၃၅ တို့၌ ဖေဖော်ဝါရီ ၁၉ ရက်က ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကိုကို ဦးစီးပြီး သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့များ ရပ်ကွက်မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးစဉ်။ ဇော်ဘီ

## မြိုင်မြို့နယ် ကျောက်ဆောက်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၁၉ ရက်တွင် ကျောက်ဆောက်ကျေးရွာကို မီးရှို့ဖျက်ဆီးခဲ့သည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသား ဝါဒဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ယင်းရက်တွင် မြိုင်မြို့နယ် ကျောက်ဆောက်ကျေးရွာအနီးသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ နယ်မြေလုံခြုံရေး ဆောင်ရွက်ခဲ့သော်လည်း မည်သည့်မီးလောင်ပျက်စီးမှု မရှိကြောင်း၊ တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင် လွဲမှားစေရန်အတွက် နယ်မြေလုံခြုံရေး ဆောင်ရွက်ရာနေရာများတွင် နေအိမ်များ မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူပိုင်ပစ္စည်းများကို ယူဆောင်ခြင်းနှင့် အပြစ်မဲ့ပြည်သူများကို ဖမ်းဆီးသတ်ဖြတ်ခြင်း စသည့် သတင်းတု၊ သတင်းအမှားများဖြင့် ထင်ယောင်ထင်မှားဖြစ်စေရန် လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# တောင်ငူမြို့နယ်အတွင်း ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပြန်လည်ဖော်ထုတ်ထိန်းသိမ်းရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်

**တောင်ငူ ဖေဖော်ဝါရီ ၂၀**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက တောင်ငူမြို့နယ်အတွင်း ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပြန်လည်ဖော်ထုတ်ထိန်းသိမ်းရေးနှင့် စိုက်ပျိုးရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တောင်ငူမြို့ ရှေးဟောင်းသမိုင်းဝင်လေးကျွန်းမင်္ဂလာကန်တော်ကြီး ဘက်စုံအဆင့်မြှင့်တင်နေမှုကို ကွင်းဆင်းကြည့်ရှုပြီး အများပြည်သူ အပန်းဖြေနိုင်ရန် ပန်းအလှပင်များ စိုက်ပျိုးသွားရန်၊ အရိပ်ရပင်များအောက်တွင် ထိုင်ခုံများ ထပ်မံတပ်ဆင်ရန်၊ အတွင်းကန်ပတ်လမ်းကို ပြန်လည်ဖော်ထုတ်သွားရန်၊ ပန်းခြံအတွင်း မီးတိုင်များ ပြန်လည်စစ်ဆေးရန်နှင့် စိမ်းလန်းစိုပြည် သန့်ရှင်းသပ်ရပ်စေရေး စဉ်ဆက်မပြတ် ကြီးကြပ်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။ ထို့နောက် တောင်ငူမြို့ ထီးလှိုင်းလမ်းဘေး အများပြည်သူအပန်းဖြေနေရာ တစ်ခုအဖြစ် ဖော်ထုတ်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။



ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ငူမြို့ ကေတုမတီရှေးဟောင်း မြောက်ဘက်မြို့ရိုး တူးဖော်ထားရှိမှုနှင့် မော်ကွန်းတံခါးပေါက် ပြန်လည်ဖော်ထုတ်မှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (ဓာတ်ပုံ) ဆက်လက်၍ တောင်ငူမြို့နယ် မဟာင်းကျေးရွာ၌ တစ်ကွင်းတစ်ဆက်တည်း တစ်နှစ်နွေစပါးနှစ်သီး ဧက ၂၀၀ စံပြစိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုကို ကွင်းဆင်းကြည့်ရှုအားပေးခဲ့ပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ မြေလပ်မရှိ စိုက်ပျိုးသွားရန်နှင့် စိုက်ပျိုးသည့် သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိစေရေး ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၂၄၂ ဒသမ ၈၅ သန်းဖြင့် စက်မှုလယ်ယာစနစ်ကျ လယ်မြေ ဧက ၁၃၀ ဖော်ထုတ်နေမှုကို ကွင်းဆင်းကြည့်ရှုခဲ့ပြီး စိုက်ပျိုးချိန်မီ လုပ်ငန်းများ အမြန်ဆုံးပြီးစီးရေးဆောင်ရွက်ရန်၊ တစ်ကွက်ပြီး တစ်ကွက် စိုက်စနစ်ဖြင့် ဆောင်ရွက်ရန်နှင့် ကျန်ရှိသည့် လယ်မြေများအတွက် ကြိုတင်ပျိုးထောင်ထားရှိရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေပေးအပ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

အကြမ်းဖက်ဖြစ်စဉ်များကြောင့် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်အတွင်း ရောက်ရှိလာသည့် ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေမှ ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ခန်းမ၌ ပြုလုပ်သည်။ **(အပေါ်ပုံ)**

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းက နေရပ်စွန့်ခွာပြည်သူများအား အမှာစကားပြောကြားပြီး လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်သို့ပြောင်းရွှေ့ရောက်ရှိလာသည့် ယာယီနေရပ်စွန့်ခွာ အိမ်ထောင်စု ၄၉၈ စုမှ နိုင်ငံ့ဝန်ထမ်း ၁၂၅ ဦးနှင့် ပြည်သူ၁၄၆၅ ဦးတို့ကို တစ်ဦးလျှင် ငွေကျပ်နှစ်သောင်းနှုန်းဖြင့် ငွေကျပ်သိန်း ၃၂၄ သိန်းကို ထောက်ပံ့ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

**ကျော်သန်း (ပြန်/ဆက်)**

## လယ်ဝေးမြို့နယ်ရှိ ပရဟိတဂေဟာများသို့ ဆန်နှင့် လူသုံးကုန်ပစ္စည်းများ လှူဒါန်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေများပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းဆောင်သစ်များ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် လယ်ဝေးမြို့နယ် ကြို့ပင်ကျေးရွာ မူလတန်းကျောင်းတွင် Shan Shwe Hylan Co.,Ltd. မှ တာဝန်ယူတည်ဆောက်ခဲ့သည့် ပေ ၆၀x ၃၀ တစ်ထပ်ကျောင်းဆောင်သစ်နှင့် ပြည်ဝင်ကျေးရွာ မူလတန်းကျောင်းတွင် Pyae Maung Maung Co.,Ltd. မှ တာဝန်ယူတည်ဆောက်ခဲ့သည့် ပေ ၆၀x၃၀ တစ်ထပ်ကျောင်းဆောင်သစ်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုနေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများသည် ဂုဏ်မင်းအိုင်ကျေးရွာ ပရဟိတကျောင်းသို့ နေပြည်တော်ကောင်စီမှ လှူဒါန်းသည့် ဆန် ၁၀ အိတ်၊ စောင်အထည် ၁၀၀၊ တီရှပ်အထည် ၁၉၀ တို့ကို



သွားရောက်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လယ်ဝေးမြို့နယ်အတွင်း ဒေသအသီးသီးမှ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေထိုင်သည့် ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေပေးအပ်ပွဲသို့ တက်ရောက်၍ အားပေးစကားပြောကြားပြီး ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူရက မြို့နယ်အတွင်း ယာယီနေရပ်စွန့်ခွာနေထိုင်သူများအတွက် ထောက်ပံ့ငွေပေးအပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများက လယ်ဝေးမြို့နယ်အတွင်း ကျေးရွာအုပ်စု ၃၀ ရှိ ယာယီနေရပ်စွန့်ခွာပြည်သူ ၄၃၆ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် နှစ်သောင်းနှုန်းဖြင့် ငွေကျပ် ၈၇၂၀၀၀၀ ကို ပြည်သူများလက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဝေကြည်(ပြန်/ဆက်)**

## ဒစ်ဂျစ်တယ်အသိပညာခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာသင်တန်းဖွင့်

**မကွေး ဖေဖော်ဝါရီ ၂၀**

ဒစ်ဂျစ်တယ် အသိပညာခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်စုစုနိုင်က အမှာစကားပြောကြားပြီး သင်တန်းနည်းပြ မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး



ဒေါ်နုရွှေစင်က သင်တန်းတွင် ပို့ချမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ဒစ်ဂျစ်တယ် အသိပညာခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာသင်တန်းတွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ အသေးစားလုပ်ငန်းရှင် ၂၀ အား သင်တန်းနည်းပြများက အွန်လိုင်းစနစ်ဖြင့် ကုန်ပစ္စည်းများ ရောင်းချရာတွင် ဆောင်ရန်၊ ရှောင်ရန် နည်းလမ်းများ၊ Online Sales မှတ်ပုံတင်လက်မှတ် လျှောက်ထား ထုတ်ယူပုံနှင့် ဆောင်ရွက်ရသည့် နည်းလမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်တို့ လိုက်နာရမည့် တာဝန်နှင့် တားမြစ်ချက်များ စသည်တို့ကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ကို (ဖန်ခါးမြေ)**

## ပွင့်ဖြူမြို့နယ်၌ မျိုးစပါးများ ဖြန့်ဖြူးပေးနိုင်ခဲ့

**မကွေး ဖေဖော်ဝါရီ ၂၀**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ဖူးပွင့်မျိုးသန့် စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမ အသင်းလီမိတက်က ကျေးလက်နေတောင်သူများအား အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်၊ မျိုးစေ့ထုတ်လုပ်မှု နည်းပညာရရှိစေရန်၊ တောင်သူများ မျိုးကောင်းမျိုးသန့် စိုက်ပျိုးလာခြင်းကြောင့် တစ်ဧကစိုက်ပျိုးထုတ်လုပ်မှု အကျိုးအမြတ်ပိုမိုရရှိစေရန်၊ မျိုးကောင်းမျိုးသန့်များ တစ်ပိုင်တစ်နိုင်ဖြည့်ဆည်းပေးရန် ရည်ရွယ်၍ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အသင်းမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေရယူ၍ ပွင့်ဖြူမြို့နယ် မင်းဘူး(စကု) မြို့နယ်များ၌ စပါးများ စိုက်ပျိုး၍ နှစ်စဉ်မျိုးစပါးများ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး သမဝါယမကဏ္ဍက ဆောင်ရွက်လျက်ရှိရာ ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါးစီမံကိန်း၌ စပါးများ စိုက်ပျိုးရာတွင် ပေါ်ဆန်းရင် (ရွှေဘိုပေါ်ဆန်း)၊ ရောမင်း (ရောပဒေသာ)၊ ဆာဖိုးသာ၊ GW-11၊ ရက်-၁၀၀၊ ရတနာတိုး၊ မနောသုခ၊ ဆင်းသုခ၊ ပခန်းရွှေဝါ၊ ရွှေဆည်ရင် စပါးများကို လယ်ယာမြေဧက ၅၀၀ တွင် စိုက်ပျိုးခဲ့ပြီး ထွက်ရှိလာသည့် မျိုးစပါး တင်းပေါင်း ၃၃၅၀၀ ကို မကွေးတိုင်း၊ ရောဝတီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့သို့ ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

## တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကြီးကြပ်မှုကော်မတီ အစည်းအဝေးကျင်းပ

**မုံရွာ ဖေဖော်ဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကြီးကြပ်မှု ကော်မတီအစည်းအဝေး အမှတ်စဉ် (၁/၂၀၂၅) ကို ဖေဖော်ဝါရီ ၁၈ ရက်က တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနရုံး၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေးက အမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကြီးကြပ်မှု ကော်မတီ အတွင်းရေးမှူး တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းထိုက်ဦးက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်လုပ်ငန်းများ ဆောင်ရွက် ပြီးစီးမှုနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ရန်လျာထားသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



ထို့နောက် တက်ရောက်လာကြသော တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်များက သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍ များအလိုက် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် အထွေထွေဆွေးနွေးတင်ပြ ချက်များအပေါ် တိုင်းဒေသကြီး လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးက လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင် ရွက်ပေးပြီး ပြည်ထောင်စုအဆင့် ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကြီးကြပ်မှု ကော်မတီ၏ မူဝါဒများနှင့်အညီ လုပ်ငန်းစဉ် ၁၀ ခုကို အတည်ပြုဆုံးဖြတ်ပေးကြောင်း သိရသည်။ **မင်းမြင့်မိုရ်**



တွံတေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးခင်ဇော်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်နိုင်ထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်လဝကဦးစီးမှူး ဦးကျော်ထူး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဌာနမှ ဦးရဲစည်သူအောင်တို့ မီးဘေးကာကွယ်ရေးအတွက် ဖေဖော်ဝါရီ ၁၉ ရက်က မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဦးစီးမှူးရုံးကို ကွင်းဆင်းစစ်ဆေးစဉ်။ တွံတေးသား



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မီးသတ် ဦးစီးမှူး ဦးစိုးနိုင်နှင့် တပ်ဖွဲ့ဝင်များ မီးဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေးအသိပညာပေး ဟောပြောပွဲနှင့် မီးငြိမ်းသတ်ရေး သရုပ်ပြပွဲကို ဖေဖော်ဝါရီ ၁၉ ရက်က (၂၃)ရပ်ကွက်ရှိ စက်မှုဇုန်(၁) ရုံးခန်းမ၌ ပြုလုပ်စဉ်။ နေမျိုးအောင်

## တရားမဝင်ဓာတ်အားသုံးစွဲမှုများမရှိစေရေး ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင် ကျော်ဦးသည် ဖေဖော်ဝါရီ ၁၉ ရက် က လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ် လျှပ်စစ်မန်နေဂျာရုံးသို့ သွားရောက်၍ လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်၊ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်နှင့် ရွှေလင်ပန်းစက်မှုဇုန် မြို့လျှပ်စစ် မန်နေဂျာရုံးတို့မှ တာဝန်ရှိသူများ နှင့် တွေ့ဆုံကာ တရားမဝင် ဓာတ်အားသုံးစွဲမှုများ စိစစ် ဖော်ထုတ်ရေး၊ ဓာတ်အား ပျောက် ဆုံးမှု လျော့နည်းကျဆင်းရေး၊ ဓာတ်အားခ ကြွေးကျန်ကျဆင်း ရေးတို့နှင့် ပတ်သက်၍ သိရှိ လိုက်နာ ဆောင်ရွက်ရမည့် လုပ်ငန်းများကို မှာကြားသည်။



ထို့နောက် လှိုင်သာယာ(အရှေ့ ပိုင်း) မြို့နယ်အတွင်းရှိ လုပ်ငန်း သုံး ထရန်စဖော်မာများ၊ လုပ်ငန်း သုံး ပါဝါမီတာများကို ကြည့်ရှု စစ်ဆေးပြီး ရပ်ကွက်(၅)ရှိ ၃၃/၁၁ ကေဗွီ အမှတ်(၁)ဓာတ်အားခွဲရုံနှင့် ရပ်ကွက်(၆)ရှိ ၃၃/၁၁ ကေဗွီ အမှတ်(၂) ဓာတ်အားခွဲရုံတို့ကို မီးဘေးအန္တရာယ် ကာကွယ် တားဆီးရေး ဆောင်ရွက်ထားမှု အခြေအနေများ၊ ဓာတ်အားဖြန့်ဖြူး ပေးထားမှုအခြေအနေများ၊ ဗီဒါ အလိုက် ဓာတ်အားပျောက်ဆုံးမှု၊ မီတာဖတ်ရှုထားမှု အခြေအနေ များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ချစ်ဆောင်**



သာစည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တအမှုဆောင်အရာရှိ ဦးကိုကိုကျော်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဝင်း၊ မြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ တာဝန်ရှိသူများနှင့် ရဲတပ်ဖွဲ့ဝင်များပူးပေါင်း၍ ဖေဖော်ဝါရီ ၂၀ ရက်က မြို့မဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)

## အုတ်ဖိုမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများ ရှင်းလင်းပွဲကျင်းပ

**အုတ်ဖို ဖေဖော်ဝါရီ ၂၀**

သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်၌ ပဲခူးတိုင်းဒေသကြီး ပြည်သူ့ စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့ ပြည်သူ့စစ်မှုထမ်းဆိုင်ရာဥပဒေ၊ နည်း



ဥပဒေများ အသိပေးရှင်းလင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၉ ရက်က မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးအောင်သောင်းထိုက်က ပြည်သူ့စစ်မှုထမ်း ဥပဒေနှင့် နည်းဥပဒေပါအချက်များကို ပြည်သူများ ကျယ်ကျယ် ပြန့်ပြန့်သိရှိစေရန် ရည်ရွယ်၍ ဆွေးနွေးပွဲကို ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားပြီး ပြည်သူ့စစ်မှုထမ်းဥပဒေ၊ ပြည်သူ့စစ်မှုထမ်းနည်းဥပဒေ ပါ အချက်များကို ပြည်သူများ ရှင်းရှင်းလင်းလင်း နားလည်သဘော ပေါက်စေရန် ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် တက်ရောက်လာသည့် ရပ်မိရပ်ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းရာ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေး ပြောကြားသည်။ **အောင်သူ(အုတ်ဖို)**



## အထူးကုဆရာဝန်ကြီးများ ဒေါင့်ကြီးတိုက်နယ်ဆေးရုံ၌ ကွင်းဆင်းကုသ

**ကျောင်းကုန်း ဖေဖော်ဝါရီ ၂၀**

ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ အဖွဲ့သည် ဒေါင့်ကြီးတိုက်နယ်ဆေးရုံ၌ ဒေသခံပြည်သူများအား ဖေဖော်ဝါရီ ၁၉ ရက်က ကွင်းဆင်းကုသပေးခဲ့သည်။

ကွင်းဆင်းဆေးကုသရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးနိုင်နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မြစန္ဒာညိုနှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးသည်။

အဆိုပါ ကွင်းဆင်းကုသမှုအစီအစဉ်တွင် အထွေထွေရောဂါ ကုလူနာ ၅၈ ဦး၊ သားဖွားမီးယပ်လူနာ ၁၅ ဦး၊ အရိုးနှင့်ထိခိုက် ဒဏ်ရာလူနာ ၆၃ ဦး၊ တယ်လီဗေးရှင်းဓာတ်မှန်ရိုက်ခြင်း ၁၅ ဦး၊ သွားနှင့် ခံတွင်းလူနာ ၁၉ ဦး၊ ကလေးလူနာ ခြောက်ဦးတို့ကို ကျန်းမာရေး စောင့်ရှောက်မှုပေးခဲ့ပြီး အရိုးအကြောအဆစ်လူနာ နှစ်ဦးကို ချက်ချင်း ခွဲစိတ်ပေးခဲ့ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

## မတ်ပဲအထွက်နှုန်းများကောင်းမွန်၍ တောင်သူများ တွက်ခြေကိုက်

**ကျောက်တံခါး ဖေဖော်ဝါရီ ၂၀**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ ဆောင်းသီးနှံ မတ်ပဲ စိုက်ဧက ၆၅၈၈ ဧကရှိပြီး အထွက်နှုန်းကောင်းမျိုးများဖြစ်သည့် TBL-9 မျိုးနှင့် ရေဆင်း-၇မျိုးများကို စိုက်ပျိုးခဲ့ရာ TBL-9 မတ်ပဲစံကွက် ရိတ်သိမ်းခြင်းကို ဖေဖော်ဝါရီ ၁၈ ရက်က ဆောင်ရွက်သည်။



အဆိုပါစံကွက်ရိတ်သိမ်းခြင်းကို ဖဒိုဒေသ အမှတ်(၅) စိုက်ပျိုး ပညာပေးစခန်းနယ်မြေ ဆေးရိုးခင်ကျေးရွာအုပ်စု ကြာဒွေးစုကျေးရွာ တောင်သူ ဦးစံဖဲ၏ ကွင်းအမှတ် ၁၁၉/က ဦးပိုင်အမှတ် ၁၄/၃ ရှိ TBL-9 မျိုး မတ်ပဲ စိုက်ခင်း ၅ ဧကတွင် စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧက အထွက် ၃၀ ဒသမ ၅ တင်း ထွက်ရှိခဲ့ပြီး တောင်သူများ အကျိုးအမြတ် များစွာရရှိ၍ တွက်ခြေကိုက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

### ၂၀-၂-၂၀၂၅ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၉၃၁။ | စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၉) ကျောင်းဆင်းအရာရှိမိသားစုများ ကောင်းမှု | ၉၁၀၀၀၀၀ |
| ၉၉၃၂။ | ဗိုလ်မှူးအုန်းမြင့်(ငြိမ်း)နှင့်ဇနီး ဒေါ်မြင့်မြင့်ခိုင်မိသားစု ကောင်းမှု | ၂၀၀၀၀၀၀ |
| ၉၉၃၃။ | ကွယ်လွန်သူ ဒုတပ်ကြပ်မောင်ရင်ထွေးအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၁၀၀၀၀၀ |
| ၉၉၃၄။ | နှစ်ဖက်သောမိဘများအားရည်စူး၍ ဦးအေးမြင့်နှင့်ဇနီး ဒေါ်မြကြီး၊ (သမီး)မဇာဖြူပွင့်၊ (သား)မောင်အောင်ဖုန်းမြတ် မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၉၉၃၅။ | မိဘနှစ်ပါးအားအမှူးထား၍ ဦးမြင့်ဆွေမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၉၉၃၆။ | ဦးသိန်းထွန်းနှင့်ဇနီး ဒေါ်ခင်မြမျိုးနွယ်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၉၉၃၇။ | ကွယ်လွန်သူ ဖခင်ကြီးဦးဉာဏ်ရှင်အားရည်စူး၍ကျန်ရစ်သူ မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၉၉၃၈။ | ဦးလှမြင့်နှင့်ဇနီး ဒေါ်မြင့်မြင့်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၉၉၃၉။ | ဦးလှရွှေနှင့်ဇနီး ဒေါ်တင်မြင့်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၉၉၄၀။ | ဒေါ်ဝင်းဝင်းသိန်းနှင့် ဒေါ်ခင်ဆွေလှိုင်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၉၉၄၁။ | ဦးတင်ဦးနှင့်ဇနီး ဒေါ်သန်းငွေ၊ သား၊ သမီး၊ မြေး တစ်စုကောင်းမှု | ၁၈၀၀၀၀ |
| ၉၉၄၂။ | ဦးချစ်နိုင်နှင့်ဇနီး ဒေါ်လှလှမြင့်မိသားစုကောင်းမှု | ၁၁၁၀၀၀ |
| ၉၉၄၃။ | ဦးနိုင်ဝင်းစိန်နှင့်ဇနီး ဒေါ်နန်းမြမှုံမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၉၉၄၄။ | ဦးမျိုးကျော်သူနှင့်ဇနီး ဒေါ်အိရွှေစင်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၉၉၄၅။ | ဦးမောင်မောင်ထွေးနှင့်ဇနီး ဒေါ်ကြူကြူခိုင်မိသားစု ကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၄၆။ | ဒေါ်အေးကြည်၊ (သမီး)ဒေါ်ခက်ခက်အေးမိသားစု ကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၄၇။ | ဦးကျော်မြင့်နှင့်ဇနီး ဒေါ်ဝင်းဝင်းညွန့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၄၈။ | မအိဖြူအောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၄၉။ | ကွယ်လွန်သူ မိခင်ကြီး ဒေါ်ပိုးလှအားရည်စူး၍ သား၊ သမီး၊ မြေး၊ မြစ် တစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၅၀။ | ဆရာတော်အရှင်ပညာဗလကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၅၁။ | ဆရာတော်အရှင်သောဘိတကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၅၂။ | ဦးတင်ကိုမောင်မောင်ဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၅၃။ | ဒေါ်နီနီရှိန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၅၄။ | ဒေါ်ခင်သန်းဝေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၅၅။ | ဦးတင်ဆန်းနှင့်ဇနီး ဒေါ်စန်းမြမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၅၆။ | ဦးဇော်မင်းထွန်းနှင့်ဇနီး ဒေါ်နန်းဆွမ်းဆွမ်းမော်မိသားစု ကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၅၇။ | ဦးအောင်သန်းနှင့်ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်ခင်သန်းဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၅၈။ | ဦးကျော်ဝင်းနှင့်ဇနီး ဒေါ်စန်းရီ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၅၉။ | ဦးစိုးပိုင်နှင့်ဇနီး ဒေါ်လှလှသစ်၊ (သမီး)မနှင်းနန္ဒာပိုင်၊ (သား)မောင်သန့်စင်အောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၆၀။ | ဦးသိန်းလွင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၆၁။ | ဦးရွှေနန်းနှင့်ဇနီး ဒေါ်တင်မာချိုမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၆၂။ | သီရိပျံချီဒေါက်တာသန်းညွန့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၆၃။ | ဦးမြတ်သိန်းနှင့်ဇနီး ဒေါ်ညွန့်ညွန့်ရင်၊ (သား)Dr.ကျော်စွာမြတ် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၆၄။ | ကွယ်လွန်သူမိဘနှစ်ပါးနှင့်အစ်ကို၊ အစ်မများ၊ ညီမတို့အား ရည်စူး၍ ဒေါ်ခင်ထွေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၆၅။ | ဦးညီညီဦးနှင့်ဇနီး ဒေါ်ဥမ္မာဝင်းလွင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၆၆။ | ဦးတင်လွင်နှင့်ဇနီး ဒေါ်ရီရီတင်၊ (သား)ကိုမျိုးမင်းခန့်၊ (သမီး)မရွှေမြင့်မိုရ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၉၆၇။ | ဦးမြခိုင် သား၊ သမီး၊ မြေး၊ မြစ်တစ်စုကောင်းမှု | ၈၉၀၀၀ |
| ၉၉၆၈။ | ကွယ်လွန်သူ ဦးထွန်းဦးနှင့် ဒေါ်အုန်းဝေတို့အားရည်စူး၍ ဦးထွန်းအုန်းကြည်၊ ဒေါ်ဘေဘီအုန်း၊ မမိုးအေးမောင်နှမ တစ်စုကောင်းမှု | ၇၀၀၀၀ |
| ၉၉၆၉။ | ဦးကျော်ဒင်နှင့်ဇနီး ဒေါ်စန်းမြင့် မိသားစုကောင်းမှု | ၆၀၀၀၀ |
| ၉၉၇၀။ | ဒေါ်စိန်ဝင်းကြည်မိသားစုကောင်းမှု | ၆၀၀၀၀ |
| ၉၉၇၁။ | မိဘများအားအမှူးထား၍ ဒုတိယဗိုလ်မှူးကြီးထွန်းလင်းမောင်နှင့်ဇနီး ဒေါ်အိတင်ဇာမျိုးကောင်းမှု | ၅၀၀၀၀ |
| ၉၉၇၂။ | ဦးဇော်ထွဋ်သူနှင့်ဇနီး ဒေါ်နွဲ့ယဉ်ဝင်း၊ (သမီး)မထွဋ်မေဇင်လှိုင်၊ မသီရိကေဇော်သန်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၉၇၃။ | ဦးသိန်းဦးနှင့်ဇနီး ဒေါ်နန်းလှဟန်၊(သား)မောင်ရဲဝင့်အောင်၊ မောင်ရဲရင့်အောင်ကို၊ မောင်အောင်သီဟကျော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၉၇၄။ | ဦးရှိန်းမောင်နှင့်ဇနီး ဒေါ်ခင်ဝင်းကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၉၇၅။ | ဦးအောင်သူစိုးနှင့်ဇနီး ဒေါ်လဲ့လဲ့ကျော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၉၇၆။ | ဦးသက်စိန်ဝင်းနှင့်ဇနီး ဒေါ်ပြည့်ဖြိုးကြွယ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၉၇၇။ | ဦးချစ်ဆန်းနှင့်ဇနီး ဒေါ်လွင်လွင်ဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၉၇၈။ | ဦးဝင်းလှိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၉၇၉။ | ကွယ်လွန်သူ ဦးမြင့်သောင်းအားရည်စူး၍ ဒေါ်တင်ဆန်းရီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၉၈၀။ | ကွယ်လွန်သူဦးစံထွန်းအားရည်စူး၍ ဒေါ်တင်ရီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၉၈၁။ | ဦးဇေယျာမိုးနှင့်ဇနီး ဒေါ်ဥမ္မာထွန်း၊ (သား)မောင်မိုးပြည့်စုံထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၉၈၂။ | ဦးလင်းအောင်ဆွေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၉၈၃။ | ဦးငွေလွင်(ခ)ဦးဒီးလုံးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၉၈၄။ | ကွယ်လွန်သူဦးမြင့်ရွှေအားရည်စူး၍ ဒေါ်ခင်ညို မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၉၈၅။ | ဦးခင်ညိုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၉၈၆။ | ကွယ်လွန်သူ ဖခင်ကြီး ဦးညွန့်ဟန်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၉၈၇။ | ဦးကြည်လွင်နှင့်ဇနီး ဒေါ်နုနုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၉၈၈။ | ဦးမောင်ယဉ်ထွေးနှင့်ဇနီး ဒေါ်သန်းသန်းဆွေ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၉၈၉။ | ဦးအေးမြင့်နှင့်ဇနီး ဒေါ်သိန်းလှမိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ဝ၃၄၃ဝ၂ဝ၁ဝ၇ဝဝ၂၈၇ဝဝ၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ဝ၉-၆၆၄ဝဝဝဝ၄၁၊ ဝ၉-၄၄၄၆၆၆၁ဝ၆

**(ခ) ဒေါ်အေးအေးကြည်** ဝ၉-၄၂၉၇၂၂၅၄၈၊ ဝ၉-၂၅၅၈၂၅၂၀၆


## ပြည်သူ့ဆေးရုံကြီး (သန်လျင်) သို့ UMFCCI မှ Mobile Oxygen Plant နှင့် ဆက်စပ်ပစ္စည်းများလှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သန်လျင်မြို့ ပြည်သူ့ဆေးရုံကြီးရှိ လူနာများအသုံးပြုနိုင်ရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှ Mobile Oxygen Plant နှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက် ၁၀ နာရီက သန်လျင်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဝင်းစည်သူက လှူဒါန်းရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဆေးရုံအုပ်ကြီး ဒေါက်တာ ချောနန္ဒီက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ယနေ့လှူဒါန်းမှုတွင် Mobile Oxygen Plant 300 Nm3/H (Containerized) တစ်စုံ၊ Oxygen Cylinder (40L) အခု ၃၀၀၊ Oxygen Regulator (15 L) အခု ၂၀၀၊ Oxygen Concene-rators ၁၁ လုံး၊ ဆေးရုံသုံးပစ္စည်းပေါင်းစုံ ၃၁၅၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

**သန်းဝင်း( သန်လျင်)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
## တောင်ကြီးမြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၅

| ဒေါ်နီနီလွင် | နှင့် | ဒေါ်မြင့်မြင့်ရီ |
|---|---|---|
| (တရားလို) | | (တရားပြိုင်) |

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ စက်မှုဇုံလမ်း၊ အမှတ်(၁၀) ရပ်ကွက်၊ အကွက်အမှတ်(၁၆) နေ ဒေါ်မြင့်မြင့်ရီ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်နီနီလွင်က **"နှစ်ဦးသဘောတူ အိမ်ခြံမြေကွက် အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု"** နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ မတ်လ ၁၀ ရက်( ၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုင်းအောင်မြင့်ဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**တောင်ကြီးမြို့နယ်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် ၉၊ ဦးပိုင်အမှတ် ၃၆၊ ၅၇ x ၅၈ကြား၊ ၄၀ x ၄၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဝမ်ရှိုင်(ခ)ဝင်းဆွေ ၁၃/လရန(နိုင်)၀၃၀၈၁၉က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/79574, Honda Scoopyi –110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စောသန္တာအောင် ၉/မနတ(နိုင်) ၀၉၈၉၃၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 57W/37432, Canda 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်သီတာဦး ၉/မနမ(နိုင်)၁၀၁၀၂၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

### အများသိစေရန် ကြေညာချက်

၁။ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ အောင်သပြေလမ်းသွယ် (၁)လမ်း၊ အမှတ်(၃၆/က)၊ မြေတိုင်းအမှတ် ကြီးပွားရေး(တောင်)၊ မြေကွက် အမှတ် (၃၆/က) တွင် (၂)ခန်းတွဲ(၆)ထပ်တိုက် (Partial Roof Slab) အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့်အားဌာန၏ ၄-၆-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၄၈၇/၄၈၅/စည်ပင်-ယာ(အုံ)အရ မြေအမည်ပေါက် ပိုင်ရှင် ဒေါ်အေးအေးမြင့်၊ လိုင်စင်ရကန်ထရိုက်တာ ဦးစိုးမြင့်သိန်း(LC-၆၃၃)နှင့် လိုင်စင်ရအင်ဂျင်နီယာ ဒေါ်ယုယုထွေး (LS-၉၆၁) တို့ဖြင့် ဆောက်လုပ် ခွင့်ပြုခဲ့ပါသည်။

၂။ အဆိုပါ(၂)ခန်းတွဲ(၆)ထပ်တိုက်(Partial Roof Slab)အဆောက်အအုံ၏ ဆောက်လုပ်ခွင့်ပြုမိန့်ပါလိုင်စင်ရကန်ထရိုက်တာ ဦးစိုးမြင့်သိန်း (LC-၆၃၃)အစား လိုင်စင်ရကန်ထရိုက်တာဦးသန်းစိုးလင်း (LC-၇၂၂)ဖြင့် လည်းကောင်း လိုင်စင်ရအင်ဂျင်နီယာ ဒေါ်ယုယုထွေး (LS-၉၆၁) အစား မှတ်ပုံတင်အင်ဂျင်နီယာပညာရှင် ဦးမြင့်အောင် (PE-၀၅၈၉) တို့သို့ ပြောင်းလဲ၍သက်တမ်းတိုးခွင့်ပြုပါရန် ပိုင်ရှင်၊ လိုင်စင်ရကန်ထရိုက်တာ (၂)ဦးနှင့် မှတ်ပုံတင်အင်ဂျင်နီယာပညာရှင် တို့မှလျှောက်ထားလာခြင်း အပေါ်ကန့်ကွက်ရန်ရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက် အတွင်းလျှောက်ထား ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့် အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အင်ဂျင်နီယာဌာန(အဆောက်အအုံ)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
### (အိတ်ဖွင့်လေလံရောင်းချခြင်း)

၁။ မြို့နယ်၊ဌာနအသီးသီးရှိ ဆယ်တင်ပစ္စည်းများမှ ပြန်လည်အသုံးပြု၍မရတော့သည့် (ဆိုဒ်စုံ) HDBC/HDSC(48)Ton ၊ACSR ကြိုး(64)Ton၊မြေအောက်ဓာတ်ကြိုး (1425)M နှင့် Insulated ဆယ်တင်ကြိုး (38076) M တို့အား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်လေလံတင်ရောင်းချလိုပါသည်။

၂။ လေလံပုံစံ နှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၂၁.၂.၂၀၂၅)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်းလျှောက်ထားရမည်။

၃။ လေလံပိတ်ရက်မှာ(၆.၃.၂၀၂၅)ရက်နေ့၊(၁၄:၀၀) နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါကဖုန်း၊၀၁-၂၂၀၈၁၆ ဖုန်းနံပါတ်သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လေလံစိစစ်ရွေးချယ်ရေးအဖွဲ့**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအရှေ့ရပ်ကွက်၊ အကွက်အမှတ် ၅၃၂၊ ဦးပိုင်အမှတ် ၁-က/၈၃လမ်း၊ ၃၇လမ်းထောင့်ရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးကျော်မြင့် ၉/မရတ(နိုင်)၀၅၅၆၀၆၊ ဒေါ်ရွှေနန်းထူး ၉/မဟမ(နိုင်)၀၀၂၁၃၉ တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၈၆၅/၂၀၁၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးစိုးမြင့် ၅/ကဘလ(နိုင်) ၁၀၄၄၅၁က ဘိုးဘအမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်နေ ဦးမင်းနိုင်၊ ၁၂/လကန(နိုင်) ၀၂၉၇၈၇နှင့် ဒေါ်ကေသွယ်၊ ၁၂/လကန(နိုင်) ၀၂၉၇၇၇ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေများ၏ သားဖြစ်သူ မောင်ဝေဖြိုးအောင် ၁၂/မရက(နိုင်) ၁၅၁၃၅၃သည် မိဘများ၏ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သဖြင့် ယနေ့မှစ၍ သားအဖြစ်မှ ရာသက်ပန် အမွေပြတ်စွန့်လွှတ်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

| | လွှဲအပ်ညွှန်ကြားချက်အရ- |
|---|---|
| ဦးမင်းနိုင်၊ ၁၂/လကန(နိုင်)၀၂၉၇၈၇ | ဦးကောင်းဝေဟန်(LL.B) |
| ဒေါ်ကေသွယ် | တရားလွှတ်တော်ရှေ့နေ |
| ၁၂/လကန(နိုင်)၀၂၉၇၇၇ | (စဉ်-၁၁၈၁၃) |
| နေပြည်တော် | အခန်း(၃၀၉)၊ တိုက်(၃)၊ |
| | ရန်ကုန်ဟိုတယ်ဝန်း၊(၈)မိုင်လမ်းဆုံ၊ |
| | ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၄၅၁၆၈၉၇ |

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ရာမည(၈)လမ်း၊ အမှတ်(၂၅၉၀) နေ ဦးသောင်းစိန်(၁၄/ပသန(နိုင်)၀၅၃၇၄၇)နှင့်(ဒေါ်တင်ဝင်း) တို့၏ သားဖြစ်သူ ဦးဝေဖြိုးဟိဏ်း(၁၄/ပသန(နိုင်)၂၀၅၁၆၅) သည် မိဘများ ပြောဆိုဆုံးမမှုကို မနာခံဘဲ မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်နေသောကြောင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောမည်သည့်ကိစ္စကိုမျှ လုံး၀(လုံး၀)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဖခင်-ဦးသောင်းစိန်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ် ဠ-၁၅၊ ဦးပိုင်အမှတ် ၅၇၊ ၁၁၆x၁၁၇ကြား၊ ၇၄x၇၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နန်းရွှေဟန် ၁၃/သနန(နိုင်)၀၁၁၁၃၉၅ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၅၆၂/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးစိန်ညဏ် ၁၃/မဆတ(နိုင်) ၀၄၅၈၄၃က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 40W/66579, Honda Scoopyi 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေသက်ထားခင် ၉/ပသက(နိုင်)၁၅၅၀၈၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/57419, Kenbo Super Wave 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအာကာစိုး ၉/ခအဇ(နိုင်)၀၂၁၉၀၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**




## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၀

| ဒေါ်မိမိလွင် | နှင့် | ဦးစိုးဝေ |
|---|---|---|
| (တရားလို) | | (တရားပြိုင်) |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၃)ရပ်ကွက်၊ ဆရာစံလမ်း၊ အမှတ်(၄၃၅) နေ ဦးစိုးဝေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ပြုလုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ မတ်လ ၃ ရက် (၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက် ) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက် ကြိုတင်သွင်းရမည်။

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးမိုးအောင်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

### ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း
### ဒေါ်ဇင်မာဦး ၁၂/ဥကမ (နိုင်) ၀၄၂၃၅၂ နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ပတ္တမြားလမ်း၊ အမှတ်(၅၃၅)နေ ဦးသန့်ဇော်ကို ၁၁/ကဖန(နိုင်)၀၄၂၃၅၂ မှ အောက်ပါအတိုင်း ကြေညာလိုက်ပါသည်-

ကျွန်တော် ဦးသန့်ဇော်ကို၏ ဇနီးဖြစ်သူ ဒေါ်ဇင်မာဦးသည် ခင်ပွန်းဖြစ်သူ ဦးသန့်ဇော်ကို မသိရှိဘဲ မိသားစုဂုဏ်သိက္ခာကျဆင်းစေမည့်ကိစ္စရပ်များကိုပြုလုပ်ပြီး ကျွန်တော်နှင့် ကလေး(၃)ဦးကို စွန့်ပစ်ကာ ၎င်း၏သဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားခဲ့သည့်အပြင် ကျွန်တော်ခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်များကို ဖုံးကွယ်ပြုလုပ်ထားခဲ့သဖြင့် ကျွန်တော့်အနေဖြင့် ၎င်းနှင့် ဆက်လက်ပေါင်းသင်းနေထိုင်လိုသော စိတ်ဆန္ဒတစ်စုံတစ်ရာ မရှိတော့ဘဲ များစွာစိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်ခဲ့ရပါသည်။

သို့ဖြစ်ပါ၍ ကျွန်တော် ဦးသန့်ဇော်ကိုမှ ဒေါ်ဇင်မာဦးအား ဇနီးသည်အဖြစ်မှ စွန့်လွှတ်လိုက်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စအရပ်ရပ်သည် ကျွန်တော်နှင့် လုံး၀ လုံး၀ သက်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန့်ဇော်ကို ၁၁/ကဖန(နိုင်)၀၄၂၃၅၂**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1L/4323 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/64203, Honda Click 150 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နှင်းစုအောင် ၉/မဟမ(နိုင်) ၀၇၀၄၇၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၁ယ/၈၆၀၅၆, New Anbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးတေဇအောင် ၉/ခအဇ(နိုင်)၀၂၄၈၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/69867, Zong Shen 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်နိုင်ငွေး ၉/ပကခ(နိုင်)၀၁၀၂၁၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## အလိမ္မာ စာမှာရှိ

## အမည်ပြောင်း

ဦးကျော်လင်းအောင် ၁၃/ကတန(နိုင်) ၁၁၇၃၁၆၏သမီး ကျိုင်းတုံမြို့၊ အမှတ်(၆)၊ အထက Grade-5မှ မလင်းလက်လက် လှိုင်အား ယနေ့မှစ၍ မယသော်ရှင်းသန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မယသော်ရှင်းသန့်**

## ဖခင်အမည်မှန်နှင့် အမည်မှန်

ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့၊ ကွင်းနောက်(၂) ကျေးရွာအုပ်စု ဗိုလ်တဲရပ်ကွက်နေ ဂျိုသီး(ခ)သူဇာဝင်း၊ ပီရီသိ(ခ)ဇင်မာဝင်း G-10 ၊ ပူနန်မိ(ခ)ဇာကြည်ဝင်း G-4၊ ဆရာမိ(ခ)နေဝင်းလတ် G-2တို့၏ ဖခင်အမည်မှန်မှာ စူနီကူးမား ဖြစ်ကြောင်း မှန်ကန်ပါသည်။ ပူနန်မိ(ခ)ဇာခြည်ဝင်း G-4၏ အမည်မှန်မှာ ပူနန်မိ (ခ) ဇာကြည်ဝင်းဖြစ်ကြောင်း မှန်ကန်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ကျောက္ကာမြောက်ကျေးရွာ၊ ကွင်း/အကွက်အမှတ်နှင့် အမည် ၄၀၄-ခ/ တောရကွင်း၊ ဦးပိုင်အမှတ်/မြေကွက်အမှတ် (F-57)၊ ဧရိယာ(၁.၀၇)ဧကရှိ မြေအား ၂၅၂ V ၂၀၁၅-၂၀၁၆ အရ (၃၀-၃-၂၀၁၆)မှ (၂၉-၃-၂၀၂၆)ထိ ဦးတင်မောင်ဝင်းအမည်ဖြင့် မြေငှားစာချုပ် စက်မှုစီးပွား(၁၀)နှစ် ထုတ်ပေးထားသော မြေငှားစာချုပ်အား ဦးကျော်မျိုးသူမှ မြေငှားစာချုပ်စက်မှုစီးပွား(အမည်ပြောင်း) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက် မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်း) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**မုံရွာခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## အခြေခံကျန်းမာရေးတက္ကသိုလ်
## မကွေးမြို့
## (၁၈)ကြိမ်မြောက်၊ (၁၉)ကြိမ်မြောက်နှင့် အကြိမ်(၂၀)မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ အခြေခံကျန်းမာရေးတက္ကသိုလ်-မကွေး၏ (၁၈)ကြိမ်မြောက်၊ (၁၉)ကြိမ်မြောက်နှင့် အကြိမ်(၂၀)မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း အခြေခံကျန်းမာရေးတက္ကသိုလ်၊ မကွေးမြရောခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

(က) **အစမ်းလေ့ကျင့်မည့်ရက်** - ၂၁-၃-၂၀၂၅(သောကြာနေ့) နံနက်ပိုင်း

(ခ) **ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက်** - ၂၂-၃-၂၀၂၅ (စနေနေ့) နံနက်ပိုင်း

၂။ (၁၈)ကြိမ်မြောက်၊ (၁၉)ကြိမ်မြောက်နှင့် အကြိမ်(၂၀)မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အခြေခံ ကျန်းမာရေးတက္ကသိုလ်-မကွေးမှ အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများ တက်ရောက်ရန် လျှောက်ထားနိုင်ပါသည်။

(က) စတုတ္ထနှစ်၊ ကျန်းမာရေးသိပ္ပံဘွဲ့ (အခြေခံကျန်းမာရေး)(၁/၂၀၁၉) (ထပ်ကျော့)သင်တန်း(နောက်ဆက်တွဲ) ဘွဲ့ရစာမေးပွဲအောင်မြင်ပြီးသူများ

(ခ) စတုတ္ထနှစ်၊ ကျန်းမာရေးသိပ္ပံဘွဲ့(အခြေခံကျန်းမာရေး)(၁/၂၀၂၀) (ပုံမှန်)သင်တန်းဘွဲ့ရ စာမေးပွဲ အောင်မြင်ပြီးသူများ

(ဂ) စတုတ္ထနှစ်၊ ကျန်းမာရေးသိပ္ပံဘွဲ့(အခြေခံကျန်းမာရေး)(၁/၂၀၂၃) (ပုံမှန်)သင်တန်းဘွဲ့ရ စာမေးပွဲအောင်မြင်ပြီးသူများ

(ဃ) စတုတ္ထနှစ်၊ ကျန်းမာရေးသိပ္ပံဘွဲ့(အခြေခံကျန်းမာရေး)(၁/၂၀၂၄) (ပုံမှန်)သင်တန်းဘွဲ့ရ စာမေးပွဲအောင်မြင်ပြီးသူများ

(င) ကျန်းမာရေးမဟာသိပ္ပံဘွဲ့(အခြေခံကျန်းမာရေး)(၁/၂၀၂၃) သင်တန်းဘွဲ့ရစာမေးပွဲ အောင်မြင်ပြီးသူများ

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**တက်ရောက်ဘွဲ့** - ၁၅၀၀ိ (ကျပ်တစ်ထောင့်ငါးရာတိတိ)

**အဝေးရောက်ဘွဲ့** - ၁၀၀၀ိ (ကျပ်တစ်ထောင်တိတိ)

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို အခြေခံကျန်းမာရေးတက္ကသိုလ်၊ ကျောင်းသားရေးရာဌာနစိတ်တွင် တောင်းယူဖြည့်စွက်လျက် (အမျိုးသား-မြန်မာဝတ်စုံ(သို့မဟုတ်)အနောက်တိုင်းဝတ်စုံ၊ အမျိုးသမီး-မြန်မာဝတ်စုံ) ဖြင့် လတ်တလောရိုက်ကူးထားသော (၁ ၃⁄၄ " x ၂") အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ ပူးတွဲလျက် (၂၄-၂-၂၀၂၅ ) မှ (၁၂ -၃-၂၀၂၅)ရက်နေ့အတွင်း တင်သွင်းကြရမည်။

၅။ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများအနေဖြင့် အမျိုးသားများသည် မြန်မာအမျိုးသားဝတ်စုံ (တိုက်ပုံ၊ လုံချည်)၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အပြည့်အစုံ)တို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း၊ အမျိုးသမီးများသည် မြန်မာအမျိုးသမီးဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံတို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း တက်ရောက်ကြရမည်။ သတ်မှတ်ချက်အတိုင်း ဝတ်ဆင်ခြင်းမရှိသူများကို အခမ်းအနားသို့ တက်ရောက်ခွင့်မပြုပါ။

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အခြေခံကျန်းမာရေးတက္ကသိုလ်၊ ကျောင်းသားရေးရာ ဌာနစိတ်၊ ဖုန်းနံပါတ်(၀၉-၇၉၁၄၇၃၅၁၆၊ ၀၉-၇၇၄၈၁၂၁၀၈)သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လက်ထောက်မော်ကွန်းထိန်း**
**အခြေခံကျန်းမာရေးတက္ကသိုလ်**
**မကွေးမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်
## (၁၃)ကြိမ်မြောက်၊ (၁၄)ကြိမ်မြောက်၊ (၁၅)ကြိမ်မြောက်နှင့် (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်၏ (၁၃)ကြိမ်မြောက်၊ (၁၄)ကြိမ်မြောက်၊ (၁၅)ကြိမ်မြောက်နှင့် (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

(က) **အစမ်းလေ့ကျင့်မည့်ရက်** - (၃၀-၃-၂၀၂၅)ရက် (တနင်္ဂနွေနေ့)

(ခ) **ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက်** - (၃၁-၃-၂၀၂၅)ရက် (တနင်္လာနေ့)

၂။ (၁၃)ကြိမ်မြောက်၊ (၁၄)ကြိမ်မြောက်၊ (၁၅)ကြိမ်မြောက်နှင့် (၁၆)ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားသို့ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်မှ အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများတက်ရောက်ရန် လျှောက်ထားနိုင်ပါသည်-

(က) ပါရဂူဘွဲ့(ပြည်သူ့ကျန်းမာရေး)(၁/၂၀၁၈)သင်တန်း၊ (၁/၂၀၁၉)သင်တန်း၊ (၁/၂၀၂၀)သင်တန်းနှင့် (၈/၂၀၂၁)သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ

(ခ) ပြည်သူ့ကျန်းမာရေးမဟာဘွဲ့(၁/၂၀၂၀)သင်တန်း၊ (၈/၂၀၂၁)သင်တန်း၊ (၁/၂၀၂၃)သင်တန်းနှင့် (၁/၂၀၂၄)သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ

(ဂ) ဆေးရုံအုပ်ချုပ်မှုပညာမဟာဘွဲ့(၁/၂၀၂၀)သင်တန်း၊ (၈/၂၀၂၁)သင်တန်း၊ (၁/၂၀၂၃)သင်တန်းနှင့် (၁/၂၀၂၄)သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ

(ဃ) ဆေးပညာသင်ကြားရေးဒီပလိုမာ(၃/၂၀၁၉)သင်တန်း၊ (၃/၂၀၂၀)သင်တန်း၊ (၃/၂၀၂၃)သင်တန်းနှင့် (၃/၂၀၂၄)သင်တန်းစာမေးပွဲအောင်မြင်ပြီးသူများ

(င) အာဟာရပညာဒီပလိုမာ(၁/၂၀၂၃)သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **တက်ရောက်ဘွဲ့** - ၁၅၀၀/-(ကျပ်တစ်ထောင့်ငါးရာတိတိ)

(ခ) **အဝေးရောက်ဘွဲ့** - ၁၀၀၀/-( ကျပ်တစ်ထောင်တိတိ)

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန် စာမေးပွဲ/ဘွဲ့နှင်းသဘင် ဌာနစိတ်တွင် တောင်းယူဖြည့်စွက်လျက် (အမျိုးသား - မြန်မာဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံ၊ အမျိုးသမီး- မြန်မာဝတ်စုံ) ဖြင့် လတ်တလောရိုက်ကူးထားသော (၁ ၃⁄၄ " x ၂") အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ ပူးတွဲလျက် ( ၂၄ - ၂ - ၂၀၂၅) မှ ( ၁၇ - ၃ - ၂၀၂၅) ရက်နေ့အတွင်း တင်သွင်းကြရမည်။

၅။ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများအနေဖြင့် အမျိုးသားများသည် မြန်မာအမျိုးသားဝတ်စုံ(တိုက်ပုံ၊ လုံခြည်)၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အပြည့်အစုံ) တို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း၊ အမျိုးသမီးများသည် မြန်မာအမျိုးသမီးဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံတို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း တက်ရောက်ကြရမည်။ သတ်မှတ်ချက်အတိုင်း ဝတ်ဆင်ခြင်းမရှိသူများကို အခမ်းအနားသို့ တက်ရောက်ခွင့်မပြုပါ။

၆။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန် စာမေးပွဲ/ဘွဲ့နှင်းသဘင်ဌာနစိတ်၊ ဖုန်းနံပါတ်(၀၉-၅၀၃၄၄၃၂၊ ၀၉-၆၅၁၆၆၆၈၀၁၊ ၀၉-၄၄၈၅၃၄၄၄၇)သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မော်ကွန်းထိန်း**
**ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်**

## ဘားအံမြို့နယ်သမဝါယမအသင်းစု(လီမိတက်)
## လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၂)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းရှိ ဘားအံမြို့နယ် သမဝါယမအသင်းစု(လီမိတက်)ပိုင်အကွက်အမှတ်(၁)ရဲကျောင်းအကွက်၊ ဦးပိုင်အမှတ်(၇+၈)မြေဧရိယာ(၀ဒသမ၃၈၈)ဧကရှိသောမြေနှင့် အဆိုပါမြေပေါ်ရှိ အဆောက်အအုံ(၂)လုံးနှင့် ဂိုဒေါင်(၁)လုံးတို့အား အိတ်ဖွင့်လေလံစနစ်ဖြင့် ထုခွဲ ရောင်းချမည်ဖြစ်ပါသည်။

၂။သို့ဖြစ်ပါ၍အိတ်ဖွင့်လေလံတင်သွင်းလိုသူသည် လေလံစည်းကမ်းချက်နှင့် အိတ်ဖွင့်လေလံလျှောက်လွှာပုံစံများကို (၂၀-၂-၂၀၂၅)ရက်မှ (၂၄-၂-၂၀၂၅)ရက် ထိ ရုံးချိန်အတွင်း ဘားအံမြို့နယ်သမဝါယမအသင်းစုရုံးတွင် ဝယ်ယူနိုင်ပါသည်-

| | |
|---|---|
| **လေလံလျှောက်လွှာပိတ်သိမ်းမည့်ရက်** | - ၂၄-၂-၂၀၂၅ရက်ညနေ ၄နာရီ |
| **လေလံတင်ရောင်းချမည့်ရက်** | - ၂၅-၂-၂၀၂၅ရက်နံနက် ၁၀နာရီ |
| **လေလံတင်ရောင်းချမည့်နေရာ** | - ဘားအံမြို့နယ် သမဝါယမအသင်းစု အမှတ်(၂)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ ဘားအံမြို့ |
| **ဆက်သွယ်ရမည့်ဖုန်း** | - ၀၉-၄၂၅၀၃၈၄၁၄၊ ၀၉-၆၉၅၆၆၆၆၈၄၊ ၀၉-၇၇၀၆၆၆၇၀၂ |

**လေလံတင်ထုခွဲရောင်းချရေးအဖွဲ့**
**ဘားအံမြို့နယ်သမဝါယမအသင်းစု**

## ကန့်ကွက်လွှာခေါ်ယူခြင်း

အများပြည်သူသိရှိနိုင်စေရန် ကြေညာအပ်ပါသည်-

၁။ ဒိုက်ဦးမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ကျေးရွာအုပ်စု မြို့သစ်(ခ)၄လမ်း၊ ရွာရှိ ကွင်းအမှတ် ၄၁၀ᵃ ၊ကွင်းအမည် ရေဆိုးကြီး၊ ဦးပိုင်အမှတ် ၇၊ ဧရိယာ (၀ဒသမ ၀၄၉၆) ဧကအား ဒေါ်အေးမြတ်သွယ် အမည်ဖြင့် မြေငှားဂရန်အသစ်လျှောက်ထားလာပါသည်။

၂။ လျှောက်ထားသောမြေ အလားလေးရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | |
|---|---|---|
| အရှေ့လားသော် | - | (၄)လမ်း |
| အနောက်လားသော် | - | လမ်းကြား |
| တောင်လားသော် | - | ဦးပိုင်အမှတ်(၈) |
| မြောက်လားသော် | - | ဦးပိုင်အမှတ်(၆) |

၃။ လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း နောက်ဆုံးထားပြီး ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် ၎င်းနေ့ရက်ကျော်လွန်သော ကန့်ကွက်လွှာများအား လက်ခံစဉ်းစားလိမ့်မည် မဟုတ်ကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**ဒိုက်ဦးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း Myanmar Centre Residence (The Lake Suites Condo) အဆင့်မြင့်ကွန်ဒိုတိုက်ခန်း၏ အခန်းအမှတ်(12-A,07/B1)၊ (၁၃-လွှာ)၊ ဧရိယာ(၁၂၈၇) စတုရန်းပေအကျယ်ရှိ ကွန်ဒိုတိုက်ခန်းနှင့် စွဲကပ်တပ်ဆင်ထားသော ပစ္စည်းများအပါအဝင် ကား(၁)စီးရပ်နားရန်နေရာ ဓာတ်လှေခါးအသုံးပြုခွင့်ကတ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်များ အားလုံးတို့ကိုဦးထိန်လင်းဇော်(ဘ)ဦးဝမ်ယုံရှမ်း (၁၂/မဂဒ(နိုင်)၁၁၇၀၀၆)မှ ယနေ့အချိန်ထိ မိမိမှသာလျှင် လက်ဝယ်လက်ရှိပိုင်ဆိုင်၍ အရှုပ်အရှင်းတစ်စုံတစ်ရာမှမရှိကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေပေး ချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အားကန့်ကွက်လိုပါကစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇-ရက်)အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဒေါ်တင်ဇာလွင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၄၂၇)**
**အမှတ်(၇၁၀)၊ (၂၅)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ Ph: 09-783535003**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2M/1043 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

**အမည်မှန်**

မိုးညှင်းမြို့၊ အောင်ချမ်းသာရပ်ကွက်၊ အိမ်အမှတ် (၃၅၂)နေ (ဘ)ဦးမျိုးမင်းမောင်၏သမီး မကြယ်စင်ဝင်း၏ အမည်မှန်မှာ မကြယ်စင်ဝင်းသန့် ဖြစ်ပါကြောင်း။

## သန်လျင်မြို့ Star City တိုက်အမှတ် A4 အခန်းနံပါတ် 320 ပိုင်ရှင်နှင့် အကျိုးဆောင်တို့အား အနူးအညွတ်တောင်းပန်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်တော် ဦးစည်သူသော်တာ ၁၂/သလန(နိုင်)၀၉၄၄၆၂သည် လူမှုကွန်ရက် Facebook မှ တစ်ဆင့် Star City Condo For Sale and Rent Page တွင် အထက်ပါခေါင်းစဉ်ပါ တိုက်ခန်းကွန်ဒိုငှားရမ်းခြင်းနှင့်ပတ်သက်၍ ကွန်ဒိုပိုင်ရှင်နှင့် အကျိုးဆောင်တို့ကို ဓာတ်ပုံနှင့်တကွ ပူးတွဲဖော်ပြကာ အများပြည်သူ အထင်အမြင်လွဲမှားအောင် မမှန်မကန်စွပ်စွဲသည့် စာသားများ အသရေပျက်စေသည့် စာသားများရေးသားပြီး အကျိုးဆောင်အမည်ကောင်းသတင်းကို ထိခိုက်နစ်နာအောင် ပြုလုပ်မိပါသဖြင့် အနူးအညွတ်တောင်းပန်ပါကြောင်းနှင့် နောက်နောင် ထိုသို့ပြုလုပ်မည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစည်သူသော်တာ**
**၁၂/သလန(နိုင်)၁၉၄၄၆၂**

## စာအုပ် စာပေ လူ့မိတ်ဆွေ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/63551, Wanqiang -125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချိုချိုလွင် ၉/ခမစ(နိုင်)၀၂၆၅၇၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**( မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SHN/27831, Honda Steed 400VLX ယာဉ်လက်ဝယ်ရှိသူ ဦးထိန်လင်း ၈/ပခက(နိုင်)၁၅၃၇၀၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊အောင်ပန်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/64722 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဥမ္မာကျော် ၇/ပခန(နိုင်)၃၁၃၅၈၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/15072 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝေမျိုးသူ ၇/ဝမန(နိုင်)၁၆၉၄၃၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BGO/13873 ယာဉ်လက်ဝယ်ရှိသူ ဦးအေးလွင် ၇/ပခန(နိုင်) ၁၀၂၄၉၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး
### (၁၉)ကြိမ်မြောက်၊(၂၀)ကြိမ်မြောက်နှင့်(၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း

၁။ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး၏ (၁၉)ကြိမ်မြောက်၊ (၂၀)ကြိမ်မြောက်နှင့် (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း မန္တလေးတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

(က) **အစမ်းလေ့ကျင့်မည့်ရက်** - (၁၄-၃-၂၀၂၅)ရက် (သောကြာနေ့)နံနက်(၉:၀၀)နာရီ

(ခ) **ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက်** - (၁၅-၃-၂၀၂၅)ရက် (စနေနေ့)နံနက်(၉:၀၀)နာရီ

၂။ (၁၉)ကြိမ်မြောက်၊ (၂၀)ကြိမ်မြောက်နှင့် (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်-မန္တလေးမှ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ပြည့်စုံသူများ တက်ရောက်ရန် လျှောက်ထားနိုင်ပါသည်-

(က) ၂၀၂၁-ခုနှစ်၊ ဇန်နဝါရီလအတွင်း ကျင်းပစစ်ဆေးသည့် ဆေးဘက်ဆိုင်ရာနည်းပညာ မဟာသိပ္ပံ (၁/၂၀၁၉)သင်တန်းစာမေးပွဲအောင်မြင်ပြီးသူများ

(ခ) ၂၀၂၂ - ခုနှစ်၊ ဇွန်လအတွင်း ကျင်းပစစ်ဆေးသည့် ဆေးဘက်ဆိုင်ရာနည်းပညာ မဟာသိပ္ပံ (၁/၂၀၂၀)သင်တန်းစာမေးပွဲအောင်မြင်ပြီးသူများ

(ဂ) ၂၀၂၂-ခုနှစ်၊ ဇွန်လအတွင်း ကျင်းပစစ်ဆေးခဲ့သည့် စတုတ္ထနှစ် (၁/၂၀၂၀) သင်တန်း စာမေးပွဲ အောင်မြင်ပြီးသူများ

(ဃ) ၂၀၂၃-ခုနှစ်၊ စက်တင်ဘာလ၊ အောက်တိုဘာလနှင့်နိုဝင်ဘာလများတွင်ကျင်းပစစ်ဆေးခဲ့သည့် စတုတ္ထနှစ် (၁/၂၀၂၃)သင်တန်းစာမေးပွဲအောင်မြင်ပြီးသူများ

(င) ၂၀၂၄ - ခုနှစ် ၊စက်တင်ဘာလနှင့် အောက်တိုဘာလ များတွင် ကျင်းပစစ်ဆေးခဲ့သည့် စတုတ္ထနှစ် (၁/၂၀၂၄)သင်တန်းစာမေးပွဲအောင်မြင်ပြီးသူများ

(စ) ၂၀၂၄-ခုနှစ်၊ ဒီဇင်ဘာလအတွင်း ကျင်းပစစ်ဆေးခဲ့သည့် ဆေးဘက်ဆိုင်ရာနည်းပညာ မဟာသိပ္ပံ(၁/၂၀၂၃)သင်တန်း စာမေးပွဲ အောင်မြင်ပြီးသူများ။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**တက်ရောက်ဘွဲ့** - ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ)

**အဝေးရောက်ဘွဲ့** - ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် - မန္တလေး ကျောင်းသားရေးရာ၊ စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနစိတ်တွင် တောင်းယူဖြည့်စွက်လျက် (အမျိုးသား - မြန်မာဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံ အမျိုးသမီး - မြန်မာဝတ်စုံ) ဖြင့် လတ်တလော ရိုက်ကူးထားသော(၁ ½"X ၂") အရွယ် ရောင်စုံဓါတ်ပုံ(၃) ပုံပူးတွဲလျက် (၂၀-၂-၂၀၂၅) ရက်နေ့မှ (၂၈-၂-၂၀၂၅) ရက်နေ့အတွင်း တင်သွင်းကြရမည်။

၅။ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်သူများအနေဖြင့် အမျိုးသားများသည် မြန်မာအမျိုးသားဝတ်စုံ (တိုက်ပုံ၊ လုံချည်)၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အပြည့်အစုံ) တို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း၊ အမျိုးသမီးများသည် မြန်မာအမျိုးသမီးဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံတို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း တက်ရောက်ကြရမည်။ သတ်မှတ်ချက်အတိုင်း ဝတ်ဆင်ခြင်းမရှိသူများကိုအခမ်းအနားသို့တက်ရောက်ခွင့် မပြုပါ။

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး၊ ကျောင်းသားရေးရာ၊ စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာနစိတ်၊ ဖုန်းနံပါတ် (၀၉-၉၇၀၉၃၅၅၀၂၊ ၀၉-၉၇၇၆၈၅၅၉၂) သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မော်ကွန်းထိန်း**
**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး**

---

## တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ခု ဘဏ္ဍာရေးနှစ်ဖြစ်သည့် (၁-၄-၂၀၂၅)ရက်မှ (၃၁-၃-၂၀၂၆) ရက် ထိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေ နှင့် ယဉ်ကျေးမှုဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) ကြီးကြပ်မှု အောက်ရှိ အောက်ဖော်ပြပါ လုပ်ငန်း(၁၈)ခုကို (၁)နှစ် အငှားချထား ဆောင်ရွက် ရန်အတွက် လုပ်ငန်းလုပ်ကိုင်လိုသူများထံမှ ချိပ်ပိတ်တင်ဒါ/ဈေးပြိုင်စနစ်ဖြင့် ခေါ်ယူမည် ဖြစ်ပါသည်-

(၁) ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ စက်ဘီးငှားရမ်းခြင်း လုပ်ငန်း (၁)
(၂) ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ စက်ဘီးငှားရမ်းခြင်း လုပ်ငန်း (၂)
(၃) ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ သန့်စင်ခန်း(၁) ပင်မဂိတ်အနီး
(၄) ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) ရှိ သန့်စင်ခန်း(၂) ပြည်ထောင်စုခန်းမအနောက်
(၅) ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ သန့်စင်ခန်း(၃) ဗမာအိမ်အနီး
(၆) ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ သန့်စင်ခန်း(၄) မွန်အိမ်အနီး
(၇) ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ သန့်စင်ခန်း(၅) ရခိုင်အိမ်အနီး
(၈) ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ သန့်စင်ခန်း(၆) ချင်းအိမ်အနီး
(၉) ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ သန့်စင်ခန်း(၇) အင်းလေးကန်အနီး
(၁၀) ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ သန့်စင်ခန်း(၈) ကယား အိမ်အနီး
(၁၁) ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ MV-705 သင်္ဘောပေါ်တွင် လက်ဖက်ရည်ဆိုင်ဖွင့်လှစ်ခြင်းလုပ်ငန်း
(၁၂) ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ ဘာဂီငှားရမ်းခြင်း ဝန်ဆောင်မှု လုပ်ငန်း
(၁၃) ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ ဓာတ်ပုံဆိုင် အဟောင်းအား စားသောက်ဆိုင်အဖြစ် ပြုပြင်ငှားရမ်းခြင်းလုပ်ငန်း
(၁၄) ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ အင်းလေးကန်အတွင်း အပျော်စီးဘဲလှေငှားရမ်းခြင်းလုပ်ငန်း
(၁၅) ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ မြင်းလှည်းငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း
(၁၆) ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ ဓာတ်ပုံရိုက်ကူးခြင်း လုပ်ငန်း
(၁၇) ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ ရေလွှာလျှောစီး လုပ်ငန်း
(၁၈) ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ အရုပ်ကောက်စက် လုပ်ငန်း

၂။ ချိပ်ပိတ်တင်ဒါ/ဈေးပြိုင်စနစ်ပုံစံနှင့် စည်းကမ်းချက်များကို ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/မြောက်ရပ်ကွက်၊ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ(ရန်ကုန်) တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တာဝန်ခံအရာရှိ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ(ရန်ကုန်) ရုံးသို့ဖြစ်စေ၊ ဖုန်း-၀၉-၄၅၀၀၄၇၅၈၈၊ ၀၉-၅၁၂၄၁၃၊ ၀၁-၉၅၄၇၀၅၅၊ ၀၉-၄၂၁၁၄၄၉၆ သို့ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါ သည်-

**တင်ဒါရောင်းချမည့်ရက်** - (၂၀-၂-၂၀၂၅)ရက်
**တင်ဒါအရောင်းပိတ်မည့်ရက်** - (၆-၃-၂၀၂၅)ရက်
**တင်ဒါကျင်းပမည့်နေ့ရက်** - (၁၀-၃-၂၀၂၅)ရက်
**တင်ဒါကျင်းပမည့်နေရာ** - ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) အစည်းအဝေးခန်းမ

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ Website http://www.moea.gov. mm/တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

## ပျောက်ဆုံးကြောင်း

